ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက်၊ အင်္ဂါနေ့၊ (10-8-2004) (၄၃၂၁)

ကာလေန ဓမ္မဿဝနံ တေံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် အဖွဲ့ဝင်များ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (ယာပုံနှင့်အောက်ပုံ)

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဩဂုတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၇ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊

စာမျက်နှာ ၂ ကော်လံ ၃ သို့ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၀-၈-၂၀၀၄
(အင်္ဂါနေ့)

ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေး အမျိုးသားရေးမူဝါဒလမ်းစဉ်များနှင့်အညီ ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုကြီးအတွင်းရှိ ပြည်နယ်နှင့်တိုင်းအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ပြီး ဒေသတစ်ခုနှင့်တစ်ခု ကူးသန်းဆက်သွယ်မှု တိုးပွားဖြစ်ထွန်းလာရန် လမ်းမကြီးများ၊ တံတားကြီးများ၊ လေယာဉ်ကွင်းကြီးများကို တည်ဆောက်ပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် ဒေသခံတိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် တက္ကသိုလ်၊ ကောလိပ်နှင့် စာသင်ကျောင်းများ၊ ဆေးရုံကြီးများ၊ ဆေးပေးခန်းများကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်နယ်နှင့် တိုင်းဒေသအနှံ့သို့သွားရောက်၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်လ ၄ ရက်နေ့က ပခုက္ကူမြို့သို့ သွားရောက်၍ ပခုက္ကူတက္ကသိုလ်ပင်မဆောင် ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်၊ ပခုက္ကူမြို့ အစိုးရနည်းပညာကောလိပ်၊ ပခုက္ကူမြို့ လေယာဉ်ပြေးလမ်းသစ်တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ပခုက္ကူ ချည်မျှင်နှင့်အထည်စက်ရုံစီမံကိန်းလုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်သူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် **နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးမူဝါဒလမ်းစဉ်များနှင့်အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်ရင်း ပြည်သူများ၏ တာဝန်ဝတ္တရားများဖြစ်သည့် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက် ကျင့်ကြံဆောင်ရွက်ဖွယ်ရာများကို တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်သွားကြဖို့လိုကြောင်း** မှာကြားသွားသည်။

နိုင်ငံတော်က ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပခုက္ကူမြို့တွင် ခုတင်-၂၀၀ ဆံ့ဆေးရုံကြီးနှင့် ပခုက္ကူခရိုင်အတွင်း ခုတင်-၅၀ ဆံ့ဆေးရုံ၊ ၂၅-ခုတင်ဆံ့ ဆေးရုံ၊ ၁၆-ခုတင်ဆံ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအပါအဝင် ဆေးရုံပေါင်း ၁၅ ရုံ တည်ရှိနေပြီဖြစ်သည်။

အလားတူ ပညာရေးကဏ္ဍတွင်လည်း ပခုက္ကူတက္ကသိုလ်ကို ဖွဲ့စည်းထူထောင်ပေးပြီး တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ သစ်လွင်ခံ့ညားထည်ဝါသော တက္ကသိုလ်အဆောက်အအုံကြီးကို တည်ဆောက်ပေးလျက်ရှိသည်။ ထို့အပြင် ပခုက္ကူအစိုးရ ကွန်ပျူတာကောလိပ်နှင့် ပခုက္ကူအစိုးရနည်းပညာကောလိပ်တို့ကို ထူထောင်ပေးခဲ့ပြီးဖြစ်ရာ လိုအပ်သောအဆောက်အအုံများ ဆက်လက်ဖြည့်ဆည်းတည်ဆောက်လျက်ရှိသည်။

ပခုက္ကူဒေသသည် ဝါစိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်သည်နှင့်အညီ ပခုက္ကူ ချည်မျှင်နှင့်အထည်စက်ရုံကြီးကို တည်ဆောက်လျက်ရှိရာ စက်တပ်ဆင်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း အလုပ်အကိုင်ရရှိရေး အထောက်အကူပြု ချည်မျှင်နှင့် အထည်စက်ရုံကြီးကို မကြာမီဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံ အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည့်အချိန်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အနေဖြင့် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်များနှင့်အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင် ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဖွဲ့ဝင်များ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိနိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတကာ သတင်းများ

အီရတ်လုံခြုံရေးအခြေအနေကြောင့် ကုလအမှုထမ်းများ လျှော့ချမည်ဟုဆို

ကုလသမဂ္ဂ ဩဂုတ် ၈

မကြာမီအနာဂတ်ကာလအတောအတွင်း အီရတ်နိုင်ငံမှ တိုက်ခိုက်ခံရမှုများတွင် ကုလသမဂ္ဂသည် အဓိက ပစ်မှတ်အဖြစ် တည်ရှိနိုင်ရာ အီရတ်နိုင်ငံသို့ သွားရောက်ခွင့်ပြုမည့် ကုလသမဂ္ဂအမှုထမ်းများ၏ ဦးရေကို အကြီးအကျယ် လျှော့ချမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က သောကြာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံမှ လုံခြုံရေးအခြေအနေသည် ကုလသမဂ္ဂအမှုထမ်းများအတွက် အဓိကအဟန့်အတားဖြစ်နေကြောင်း၊ လုံခြုံရေး အခြေအနေ တိုးတက်ကောင်းမွန်မှုက အီရတ်နိုင်ငံ၌ ကုလသမဂ္ဂ၏ အားထုတ်ကြိုးပမ်းချက်များ အောင်မြင်မှု ရရှိစေရေးအတွက် အခြေခံကျသည့် ကြိုတင်စည်းကမ်းချက်တစ်ရပ်ပင် ဖြစ်ကြောင်း အာနန်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပထမဆုံးအကြိမ်

အာနန်၏ အီရတ်ဆိုင်ရာ သံတမန်အသစ် ပါကစ္စတန်နိုင်ငံသား ကာဇီက ကိုယ်စားလှယ်အဖွဲ့ဝင် အနည်းငယ်နှင့်အတူ ဘဂ္ဂဒက်မြို့တော်တွင် တာဝန်ကို ထမ်းဆောင်ရန် ကြိုတင်ပြင်ဆင်နေစဉ်မှာပင် အဆိုပါ အစီရင်ခံစာ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ယင်းကဲ့သို့ တာဝန် ထမ်းဆောင်မှုသည် လွန်ခဲ့သည့် အောက်တိုဘာလနောက်ပိုင်း အီရတ်နိုင်ငံ၌ ကုလသမဂ္ဂက ပထမဆုံးအကြိမ် တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။

ဗုံးဖောက်ခွဲ

၂၀၀၃ခုနှစ် ဩဂုတ်လ ၁၉ ရက်က ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်အား ဗုံးဖောက်ခွဲမှု အပါအဝင် တိုက်ခိုက်မှုများ ရင်ဆိုင်ကြုံတွေ့ရပြီးနောက် ကုလသမဂ္ဂသည် အီရတ်နိုင်ငံမှ ရုပ်သိမ်းထွက်ခွာခဲ့သည်။ အဆိုပါ ဗုံးဖောက်ခွဲ တိုက်ခိုက်ခံရမှုကြောင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဆာဂျီယိုဒီမဲလိုနှင့်အခြားလူ ၂၁ ဦးတို့ သေဆုံးခဲ့သည်။

ဒီဇင်ဘာလနောက်ပိုင်း အီရတ်ရှိ ကုလသမဂ္ဂ၏ လှုပ်ရှားမှုများကို ဖော်ပြထားသည့် လုံခြုံရေးကောင်စီသို့ တင်သွင်းသော အစီရင်ခံစာတွင် အီရတ်၌ ကုလသမဂ္ဂအမှုထမ်းများသည် အန္တရာယ်ထူပြောစွာ ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည်။

ပြောကြား

ထို့ကြောင့် ကာဇီ ဦးဆောင်မည့် အီရတ်ဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အဖွဲ့၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အစီအစဉ်များသည် ၎င်းတို့၏ တည်ရှိမှုကို အနည်းဆုံး အင်အားသာ ဆက်လက်ထားရှိမည် ဖြစ်ကြောင်း အာနန်က ပြောကြားသည်။

အင်တာနက်။

ဩဂုတ် ၇ ရက်က နာဂျက်ဖ်မြို့တွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ဈေးမီးလောင်မှုဖြစ်ရာ ပျက်စီးနေသည့်ပစ္စည်းများအား လိုက်လံစုဆောင်းနေသည့် ဆိုင်ရှင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ် ခုခံတိုက်ခိုက်ရေးသမားများ ဘာဆာရာတွင်ဗြိတိသျှတပ်ဖွဲ့များကို တိုက်ခိုက်

ဘာဆာရာ ဩဂုတ် ၈

အီရတ်နိုင်ငံ၏ တောင်ပိုင်း ဘာဆာရာမြို့တွင် ပြီးခဲ့သော သောကြာနေ့က ဗြိတိသျှတပ်ဖွဲ့များနှင့် ခေါင်းဆောင်အလ်ဆာဒါကို ထောက်ခံသူများအကြား တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တိုက်ခိုက်

ဘာဆာရာမြို့လယ်ကောင်တွင် မာဒီ ခုခံရေးသမားများနှင့် ဗြိတိသျှတပ်ဖွဲ့များ တိုက်ခိုက်ကြသောအခါ မြို့ခံများမှာ အကာအကွယ်ယူကာ ပုန်းခိုနေကြသည်။ တစ်မြို့လုံးတွင် မောင်းပြန်သေနတ်သံများ၊ ဒုံးပေါက်ကွဲသံနှင့် စိန်ပြောင်း ထိမှန်သံများဖြင့် ညံနေကြောင်း မျက်မြင်တွေ့ရှိသူ၏ ပြောပြချက်အရသိရသည်။

တိုက်ပွဲစတင်ဖြစ်ပွား

ဘာဆာရာမြို့ရှိ မိုတာဒါဆာဒါ၏ ရုံးအနီးသို့ ဗြိတိသျှခြေလျင်တိုက်ကင်းအဖွဲ့များ နီးကပ်လာသောအခါ တိုက်ပွဲများ စတင်ဖြစ်ပွားခြင်းဖြစ်ကြောင်း ဗြိတိသျှစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးကပြောကြားသည်။

စွန့်ခွာ

တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရခြင်းရှိ၊ မရှိ မသိရသေးသော်လည်း ထိတွေ့မှုဖြစ်ပွားပြီး နောက်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားရာနေရာမှ စွန့်ခွာခဲ့ကြသည်။

ထိခိုက်

ပြီးခဲ့သော နှစ်ရက်အတွင်း ဖြစ်ပွားသော တိုက်ပွဲများကြောင့် အီရတ်မြို့ကြီးများမှာ အတော်ထိခိုက်ခဲ့ရသည်။ အပေါင်းပါတပ်များဖြစ်သော အမေရိကန်၊ ဗြိတိသျှတပ်ဖွဲ့များနှင့် ဆာဒါ၏ မာဒီတပ်ဖွဲ့များအကြား နှစ်လတာကာလအထိ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု တည်ရှိနေခဲ့သည်။

ပစ်ခတ်မှုများဖြစ်ပွား

သို့ရာတွင် ယခုအခါ ပစ်ခတ်မှုများ ဖြစ်ပွားလာသောကြောင့် ထိုအပစ်အခတ်ရပ်စဲရေးမှာ ပျက်ပြားသွားမည်ဟု ယူဆရသော အခြေအနေကို တွေ့နေကြရသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး အီရတ်တွင်သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၈

အီရတ်နိုင်ငံမှ ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးကို သတ်ဖြတ်ခဲ့ကြရာ တစ်ဦးမှာ ဘဂ္ဂဒက်မြို့တော်တွင်ဖြစ်ပြီး နှစ်ဦးမှာ အီရတ်နိုင်ငံ တောင်ပိုင်းတွင် ဖြစ်ကြောင်း အမေရိကန်ရေ့တန်းစစ်မြေပြင်ဌာနချုပ်က စနေနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် တောင်ဘက် နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှုကြောင့် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် ခုခံတိုက်ခိုက်ရေးသမားများက ကင်းလှည့်နေသည့် အမေရိကန် ယာဉ်တစ်စီးကို ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အင်တာနက်။

ဩဂုတ် ၇ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရီးယိုက် လက်နက်ကိုင် ခုခံ တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ထရပ်ကားမောင်းသူ လက်ဘနွန်လေးဦး အီရတ်တွင် ဓားစာခံအဖြစ် အဖမ်းခံရ

ဘေရွတ် ဩဂုတ် ၈

အီရတ်နိုင်ငံတွင် လက်ဘနွန်လူမျိုး ထရပ်ကားယာဉ်မောင်းလေးဦးကို ဓားစာခံများအဖြစ် ဖမ်းဆီးထားကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်က သောကြာနေ့တွင် ပြောကြားသည်။

လက်ဘနွန်လူမျိုး အဆိုပါလေးဦးသည် ဘဂ္ဂဒက်နှင့် ရာမာဒီအကြား အဝေးပြေးလမ်းမအတိုင်း မောင်းနှင်လာစဉ် ကြာသပတေးနေ့က ဓားစာခံအဖြစ် အဖမ်းခံခဲ့ကြရကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ရာမာဒီမြို့သည် ဘဂ္ဂဒက်အနောက်ဘက်တွင် တည်ရှိပြီး အီရတ်နိုင်ငံအတွင်း နိုင်ငံခြားသားများ တည်ရှိမှုကို ဆန့်ကျင်သည့် ခုခံတိုက်ခိုက်မှု စိတ်ဓာတ် ပြင်းထန်သော မြို့ဖြစ်သည်။

လက်ဘနွန်လူမျိုး ထရပ်ကားယာဉ်မောင်းများကို မည်သည့်အဖွဲ့အစည်းကို ကိုယ်စားပြုသူများက ပြန်ပေးဆွဲသည်ကို မိမိတို့ မသိရှိရကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ဓားစာခံအဖြစ် အဖမ်းခံရသူများအနက် နှစ်ဦး၏ မိသားစုဝင်များက ပြောကြားရာတွင်မူ အဆိုပါ ထရပ်ကား ယာဉ်မောင်းများသည် လက်ဘနွန်အခြေစိုက် အယ်လ်–ကျူဘလီ သယ်ယူပို့ဆောင်ရေးကုမ္ပဏီမှ အလုပ်သမားများ ဖြစ်သည်ဟု ဆိုသည်။

ပြန်ပေးဆွဲခံရသူများအနက် နှစ်ဦးမှာ နာဆီအယ်လ်ဂျွန်ဒီနှင့် တာရက်အယ်လ်ဂျွန်ဒီတို့ ဖြစ်ကြသည်ဟု လက်ဘနွန်မြောက်ပိုင်းတွင် နေထိုင်သည့် မိသားစုတစ်စုက အတည်ပြုပြောကြားသည်။

ဓားစာခံအဖြစ် အဖမ်းခံထားရသူများအား ပြန်လည်လွှတ်ပေးရန် ဆွေမျိုးသားချင်းများက ပန်ကြားခဲ့ကြသည်။ လက်ဘနွန်လူမျိုး ဓားစာခံ အဖမ်းခံထားရသူများသည် အသက်မွေးဝမ်းကျောင်းမှုအရ အီရတ်သို့ သွားရောက်ကာ အလုပ်လုပ်ကိုင် နေသူများဖြစ်သည်ဟု ဆွေမျိုးသားချင်းများက ပြောကြားသည်။

အင်တာနက်။

အိန္ဒိယဓားစာခံသုံးဦး လွှတ်မြောက်ရေး ကြိုးပမ်းနေဆဲဖြစ်

နယူးဒေလီ ဩဂုတ် ၈

အီရတ်နိုင်ငံတွင် အဖမ်းခံထားရသည့် အိန္ဒိယနိုင်ငံသား ဓားစာခံသုံးဦး လွှတ်မြောက်ရေးအတွက် လမ်းရှင်းနေပြီဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ယင်းဖော်ပြမှု အားလုံးသည် ဓားစာခံပြဿနာအတွက် အပြုသဘောဆောင်သည့် ရလဒ်ဖြစ်ကြောင်း အိန္ဒိယအစိုးရက စနေနေ့ညက ပြောကြားသည်။

ပြန်ပေးသမားများဘက်မှ စေ့စပ်ညှိနှိုင်းရေးသမား အယ်လ်ဒူလိုင်မီနှင့် ဓားစာခံများ၏ အလုပ်ရှင် ကေဂျီအယ်လ် ကုမ္ပဏီမှ အထက်တန်းကိုယ်စားလှယ်တို့ စေ့စပ်ညှိနှိုင်းကြရာ အကျိုးဆက်အဖြစ် ဓားစာခံများ လွှတ်မြောက်ရေး လမ်းရှင်းနေပြီဖြစ်ကြောင်း ပြည်ပရေးရာဌာနမှ ဒုတိယဝန်ကြီး အီးအာမက်က သတင်းထောက်များအား ပြောကြားသည်။

ဓားစာခံများဖြစ်ကြသည့် အန်တာယာမီ၊ တီလက်ရာဂျ်နှင့် ဆတ်ဒီယိုဆင်းတို့ သုံးဦးအား တနင်္ဂနွေနေ့တွင် လွှဲပြောင်းပေးအပ်တော့မည်ဖြစ်ရာ မီဒီယာသတင်းဌာနများအနေဖြင့် ၁၇ ရက်စောင့်ဆိုင်းကြရန် အာမက်က ပြောကြားသည်။

ဓားစာခံများ လွှတ်မြောက်သည့်သတင်း အိန္ဒိယအစိုးရက ကြားလျှင်ကြားချင်း သင့်တော်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဓားစာခံများလွှတ်မြောက်သည့်သတင်းနှင့် စပ်လျဉ်း၍ ပြတ်သားခိုင်လုံသော သတင်းမရရှိပါက ဖွဲ့ရှိရှိထားပြီး မျှော်လင့်ချက်ဖြင့် စောင့်စားရမည်ဖြစ်ကြောင်း အာမက်က ဆက်လက်ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် ဓားစာခံပြဿနာနှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သည့် ရလဒ်ရှိနေပြီဟု မိမိအနိုင်အမာ ပြောကြားလိုကြောင်း၊ မိမိတို့ ဖြစ်ထွန်းတိုးတက်မှု အသစ်များအား ဆက်လက်စောင့်ဆိုင်းနေပြီဖြစ်ကြောင်း အာမက်က ထပ်လောင်းပြောကြားသွားသည်။

အမ်အင်အေ၊ပီတီအိုင်။

နိုင်ငံတကာ သတင်းများ

အမေရိကန်ပြည်ထောင်စု ပြည်တွင်းလုံခြုံမှုမရှိသေးကြောင်း ဘုရှ် ပြောကြား

ကင်နက်ဘန်ပို့ (အမေရိကန်ပြည်ထောင်စု) ဩဂုတ် ၇

ယခုသီတင်းပတ်အတွင်းက အကြမ်းဖက်တိုက်ခိုက်မည့်အန္တရာယ် သတိပေးတပ်လှန့်မှုသည် အမေရိကန်ပြည်ထောင်စုအနေဖြင့် လုံခြုံမှုမရှိသေးကြောင်း ထပ်မံပြသလိုက်ခြင်းပင်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ဒဗလျူ၊ဘုရှ်က အမေရိကန်ပြည်သူများအား စနေနေ့တွင် သတိပေးလိုက်သော်လည်း နောက်ထပ် အကြမ်းဖက်တိုက်ခိုက်မှုမျိုး မဖြစ်စေရေးအတွက် လိုအပ်သည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားလိုက်သည်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုသည် နယူးယောက် စတော့ဈေးကွက်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အပါအဝင် အရေးပါသည့် ဘဏ္ဍာရေးအဖွဲ့အစည်းများကို တိုက်ခိုက်ရန် ကြံစည်ဖွယ်ရှိနိုင်သည်ဟု ထောက်လှမ်းရေး သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ပြီးနောက် နယူးယောက်၊ ဝါရှင်တန်နှင့် နယူးဂျာစီတို့ရှိ နေရာဒေသအချို့အတွက် သတိပေးတပ်လှန့်မှုအဆင့်ကို ယခုသီတင်းပတ် စောစောပိုင်းက တိုးမြှင့်သတ်မှတ်ခဲ့သည်။ မိမိတို့သည် အကြမ်းဖက် တိုက်ခိုက်မည့် အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းရေးအတွက် အစွမ်းကုန် အဘက်ဘက်မှ ဆောင်ရွက်နေကြောင်းနှင့် မိမိတို့၏ ပြည်သူများကို ကာကွယ် စောင့်ရှောက်ရာတွင် တိုးတက်မှုများ ရရှိနေကြောင်း ရေဒီယိုမှနေ၍ အပတ်စဉ် မိန့်ခွန်းပြောကြားရာ၌ ဘုရှ်က ပြောကြားလိုက်သည်။

ပါကစ္စတန်နိုင်ငံတွင်ဖမ်းဆီးမှုများနှင့် အခြား ထောက်လှမ်းရေး သတင်းများအရ ယင်းပစ်မှတ်များနှင့် ပတ်သက်၍ အယ်လ်ခိုင်ဒါအုပ်စုက နောက်ထပ် သတင်းအချက်အလက် အသစ်များကို ရရှိထားကြောင်း ပြသနေသည်ဟု ဘုရှ်က ပြောကြားသည်။

မိမိတို့သည် ဘေးကင်းလုံခြုံမှု မရှိသေးကြောင်း၊ မိမိတို့ နိုင်ငံကို အကောင်းဆုံး လုံခြုံမှုရရှိအောင် စွမ်းဆောင်သွားရမည်ဖြစ်ကြောင်း ဖြင့်လည်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ မာဟာဝီမြို့တွင် အသေခံ ဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ရဲကားများကို ဩဂုတ် ၅ရက်က တွေ့ရှိရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နာဂျက်ဖ်မြို့တွင် နှစ်ရက်ကြာ တိုက်ပွဲအပြင်းအထန် ဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၈

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက ရှီးယိုက်ခေါင်းဆောင် မိုတာဒါ အယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် လက်နက်ကိုင်သမားများအား ဆက်လက် တိုက်ခိုက်နေသည့် နာဂျက်ဖ်မြို့တွင် နှစ်ရက်ကြာ အပြင်းအထန် တိုက်ပွဲဖြစ်ပွားရာ၌ အနည်းဆုံး အီရတ်ခုခံတိုက်ခိုက်ရေးသမား ၃၀၀ ခန့် သေဆုံးကြောင်း အမေရိကန် တပ်ဖွဲ့ဝင်များက ယမန်နေ့က ပြောကြားသည်။

ကူးစက်ပျံ့နှံ့

အီရတ်ကြားဖြတ်အစိုးရထံသို့ အာဏာလွှဲပြောင်းပေးအပ်ပြီးနောက် အဆိုးရွားဆုံး ဖြစ်ပွားသည့် ယင်းတိုက်ပွဲသည် အီရတ်နိုင်ငံ တောင်ပိုင်းမြို့ အချို့သို့လည်း ကူးစက်ပျံ့နှံ့ခဲ့သည်။ ထိုအတောအတွင်း ဘဂ္ဂဒက်မြို့တော်တွင်လည်း တိုက်ပွဲဖြစ်ပွားရာ ဆာဒါစီးတီးခရိုင်တွင် အနည်းဆုံး လူ ၂၀ ဦး သေဆုံးခဲ့သည်။

ဆုံးဖြတ်ထား

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များနှင့် ဆာဒါ၏ နောက်လိုက်များအကြား မကြာသေးမီက အပစ်အခတ် ရပ်စဲမှုကြောင့် ငြိမ်းချမ်းရေးရရှိလင့်ကစား အယ်လ်ဆာဒါအား တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြောင်း အီရတ်အစိုးရက အရိပ်အမြွက် ပြောကြားနေစဉ်မှာပင် ယင်းကဲ့သို့ တိုက်ပွဲဖြစ်ပွားခြင်းဖြစ်သည်။

ဇွန်လက နှစ်ဘက်အကြား အပစ်အခတ်ရပ်စဲရေးအတွက် အကူအညီပေးခဲ့သည့် ရှီးယိုက်ဝါရင့်ခေါင်းဆောင် အယ်လ်စစ္စတာနီသည် လွန်ခဲ့သည့်နှစ် အနည်းငယ်အတွင်း ပထမဆုံးအကြိမ် နာဂျက်ဖ်မြို့မှ ထွက်ခွာသွားသည်။ ၎င်းသည် ဆေးဝါးကုသမှု ခံယူရန်အတွက် လန်ဒန်မြို့သို့ ထွက်ခွာသွားကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်ပွဲအခြေအနေမှာ ယခင်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲများထက် ပိုမိုဆိုးရွားသွားကြောင်း အမေရိကန် မြေပြင်တပ်မှူးများက ပြောကြားသည်။

တိုက်ခိုက်ခံရ

စစ်လက်နက်အင်အား နည်းပါးသည့် အီရတ်တပ်ဖွဲ့သည် ၎င်းတို့အား အနိုင်တိုက်ခိုက်ရန် အခွင့်အလမ်းမရှိဘဲ အီရတ်ရဲတပ်ဖွဲ့များ တိုက်ခိုက်ခံရကြောင်း၊ အဆိုပါအုပ်စု၏ ခြိမ်းခြောက်မှု ပျောက်ကွယ်ခြင်းမရှိပါက နာဂျက်ဖ်မြို့သည် မည်သည့်အခါမျှ တည်ငြိမ်အေးဆေးမှုရှိမည် မဟုတ်ကြောင်း နာဂျက်ဖ်မြို့မှ စစ်ဆင်ရေးလှုပ်ရှားမှုများ၏ အကြီးအကဲ ဗိုလ်မှူးကြီးအန်သိုနီဟာက်စ်လမ်က ပြောကြားသည်။

မိမိတို့သည် နှစ်ရက်တာ တိုက်ပွဲဖြစ်ပွားစဉ် အီရတ်ဆန့်ကျင်ရေး တိုက်ခိုက်သမား ၃၀၀ ခန့်ကို သုတ်သင်ခဲ့ကြောင်းနှင့် ယင်းတိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မရိန်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗိုလ်ကြီးကာရီဘက်ဆန်က ပြောကြားသည်။

အင်တာနက်။

ဩဂုတ် ၇ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် နေရာယူပြင်ဆင်နေသည့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ အင်တာနက်)*

နာဆရီယာဝန်းကျင်တွင် အီရတ်ခုခံရေးသမားများနှင့် အီတလီတပ်ဖွဲ့ တိုက်ပွဲများ ဖြစ်ပွား

နာဆရီယာ(အီရတ်) ဩဂုတ် ၇

ပြီးခဲ့သော သောကြာနေ့က အီရတ်နိုင်ငံ တောင်ပိုင်းရှိ နာဆရီယာမြို့တွင် အီတလီတပ်ဖွဲ့များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ တွေ့ထိတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။ အခြေအနေမှာ ယခုအထိ တင်းမာနေဆဲဖြစ်ကြောင်း အီတလီစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်ခိုက်မှုများသည် သန်းခေါင်ကျော် အချိန်တွင် စတင်ဖြစ်ပွားသည်။ ပစ်ခတ်တိုက်ခိုက်သော အကြိမ်ပေါင်းမှာ တစ်ဒါဇင်မကရှိကြောင်း သိရသည်။ ခုခံရေးသမားရှီးယိုက်များမှာ ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါကို သစ္စာခံသူများဖြစ်ကြသည်။ ၎င်းတို့သည် အီတလီတိုက်ကင်းအဖွဲ့များ၊ ဓာတ်အားပေးစက်ရုံကဲ့သို့သော အရေးပါသည့် အဆောက်အအုံများနှင့် အီရတ်ရဲတပ်ဖွဲ့စခန်းများကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်၏။ ခုခံရေးသမားများသည် ပစ်ခတ်ရာ၌ စိန်ပြောင်းများ၊ လောင်ချာများနှင့် လက်နက်ငယ်များ အသုံးပြုခဲ့ကြသည်ဟုဆိုသည်။

ဩဂုတ် ၆ ရက် ညသည် အခြေအနေအလွန်တင်းမာသော ညတစ်ညဖြစ်သည်။ သို့ဖြစ်၍ မိမိတို့တပ်ဖွဲ့များကို အမြင့်ဆုံး တပ်လှန့်ထားကြောင်း ဗိုလ်ကြီးအီတိုရီဆာလီက ပြောကြားသည်။ ၎င်းမှာ နာဆရီယာရှိ အီတလီတပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။

အီတလီ တိုက်ခိုက်ရေးတပ်ဖွဲ့များသည် နာဆရီယာမြို့လယ်ဒေသနှင့် တံတားများကို ထိန်းချုပ်ထားသည်။ ယခုအခါ မြို့အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ခုခံရေးသမားများနှင့် နားလည်မှု ရရှိစေရန် ကြိုးပမ်းလျက်ရှိကြောင်း ရိုက်တာသတင်းဌာနသို့ အီတလီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုများအတွင်း ဆန့်ကျင်ခုခံရေးသမားများက အနည်းဆုံး အီတလီ သံချပ်ကာကားလေးစီးကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ပြောကြားကြသည်။ ဆာလီက အီတလီတိုက်ကင်းအဖွဲ့များကို တိုက်ခိုက်မှုများရှိကြောင်း ပြောကြားခဲ့သော်လည်း စစ်သုံးယာဉ်များ အပျက်အစီးရှိသည်ဆိုသော သတင်းကို ထည့်သွင်းပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

လွန်ခဲ့သော ၄၈ နာရီအတွင်းတွင် ဆာဒါကို သစ္စာခံသော ခုခံရေးသမားများနှင့် အပေါင်းပါတပ်ဖွဲ့များသည် မြို့သုံးမြို့တွင် တိုက်ခိုက်မှုများ အကြိမ်ကြိမ် ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများမှာ အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ခိုက်ကြခြင်းဖြစ်၏။ တိုက်ပွဲဖြစ်ပွားရာ နေရာများမှာ နိုင်ငံတောင်ပိုင်းရှိ နာဂျက်ဖ်မြို့၊ ဘဂ္ဂဒက်အနီးရှိ ဆာဒါမြို့နှင့် နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့များဖြစ်သည်။ အဆိုပါဒေသများ အားလုံးသည် ရှီးယိုက်များ အများဆုံးနေထိုင်ရာဒေသများဖြစ်သည်။

ဆာဒါ၏ သစ္စာခံများဖြင့် ဖွဲ့စည်းထားသော မာဒီခုခံရေးတပ်သည် တောင်ပိုင်းမြို့ကြီးဖြစ်သော အာမရာတွင် ဗြိတိန်တပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ကြောင်း ကြေညာကြသည်။ သို့ရာတွင် ထိုတိုက်ခိုက်မှုနှင့် ပတ်သက်၍ သီးခြားလွတ်လပ်သော အတည်ပြုချက် ရရှိနိုင်ခြင်း မရှိပေ။

နာဆရီယာမြို့ဝန်းကျင်တွင် ယခုလ အနည်းငယ်အတွင်း အီတလီတပ်ဖွဲ့များနှင့် ဆာဒါ၏သစ္စာခံ ခုခံရေးသမားများသည် ပြတ်တောင်းပြတ်တောင်း တိုက်ခိုက်မှုများ ရှိနေသည်။ ထိုမြို့မှာ ဘဂ္ဂဒက်မြို့တော်မှ တောင်ဘက် ၂၃၅ မိုင်ခန့်အကွာတွင် တည်ရှိသည်။ အီရတ်တွင် အီတလီတပ်ဖွဲ့ဝင် ၂၇၀၀ တပ်ချထားသည့်အနက် အများစုမှာ နာဆရီယာမြို့ ဝန်းကျင်၌ တည်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တူရကီမှ ကုန်ပစ္စည်းများ အီရတ်သို့ သယ်ယူမှု — အီရတ်ထရပ်ကားများ ပိုမိုအသုံးပြုလာ

အန်ကာရာ ဩဂုတ် ၈

အီရတ်၌ တူရကီယာဉ်မောင်းများအား ပြန်ပေးဆွဲ သတ်ဖြတ်မှုများ ပေါ်ထွက်ခဲ့ပြီးနောက် အီရတ်သို့ ပစ္စည်းများသယ်ရန် တူရကီသို့ ဝင်ရောက်လာသည့် အီရတ်ထရပ်ကား အရေအတွက် ပိုမိုများပြားလာကြောင်းဖြင့် အနာတိုလီယာသတင်းဌာနက စနေနေ့တွင် ကြေညာသည်။

သယ်ယူခွင့်ပြု

တူရကီယာဉ်မောင်းများအား အီရတ်တွင် တိုက်ခိုက်မှုများ ပိုမိုများပြားလာသည်နှင့်အမျှ အီရတ်နိုင်ငံသို့သွားသည့် တူရကီယာဉ်မောင်းဦးရေမှာ လျော့နည်းလာကြောင်း၊ အီရတ်ပို့မည့် ကုန်အချို့ကို တူရကီအရှေ့ပိုင်း ဆာနက်ပြည်နယ် ဆီလိုပီမြို့၌ အီရတ်ထရပ်ကားများထံ လွှဲပြောင်းပေးပြီးမှ အီရတ်သို့ သယ်ယူခွင့်ပြုကြောင်း တူရကီအရာရှိများက ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ဩဂုတ် ၇ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသည့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပြန်ပေးသမားများ၏ တောင်းဆိုချက်များကို လိုက်လျော အီရတ်မှလုပ်ငန်းများကို ရပ်ဆိုင်းမည်ဟု တူရကီကုမ္ပဏီပြောကြား

အန်ကာရာ ဩဂုတ် ၈

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် အဖမ်းခံထားရသည့် ကုန်တင်ထရပ်ကားမောင်းသူများ၏ လုပ်ငန်းရှင် တူရကီကုမ္ပဏီက ပြန်ပေးသမားများ၏ တောင်းဆိုချက်အား တုံ့ပြန်လိုက်လျောသည့်အနေဖြင့် အီရတ်နိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း စနေနေ့က ပြောကြားသည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အီရတ်နိုင်ငံသိမ်းပိုက်ရေးအမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်နေသည့် တွန်းလှန်သူအုပ်စု တစ်စုက ကုန်တင်ထရပ်ကားမောင်းသူများနှင့် စပ်လျဉ်း၍ ရိုက်ကူးထားသော ဗီဒီယိုခွေအား ဖြန့်ချိကာ ၎င်း၏ကုမ္ပဏီက အီရတ်နိုင်ငံတွင် လုပ်ငန်းရပ်ဆိုင်းမှု ပြုလုပ်ခြင်းမရှိပါက ဓားစာခံအား ခေါင်းဖြတ်သတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

နောက်ဆုံး ဖြစ်ထွန်းတိုးတက်မှု အခြေအနေများအရ မိမိတို့အနေဖြင့် အီရတ်နိုင်ငံသို့ ခရီးသွားမှုအားလုံး ရပ်ဆိုင်းခဲ့ကြောင်း၊ အီရတ်နိုင်ငံမြောက်ပိုင်းသို့ သွားရောက်နေသည့် မိမိတို့ထရပ်ကားမောင်းသူများမှာ အမိမြေသို့ ပြန်လာနေကြပြီဖြစ်ကြောင်း အက်တာဟန် သယ်ယူပို့ဆောင်ရေးကုမ္ပဏီ၏ မန်နေဂျာ အိုမာတဟန်က စီအင်န်အင်န်သတင်းဌာနအား ပြောကြားသည်။

မိမိတို့ကုမ္ပဏီက အတန်အသင့်ဘေးရန်ကင်းရှင်းသည့် အီရတ်နိုင်ငံမြောက်ပိုင်းဒေသတွင် ပုံမှန်အားဖြင့် လုပ်ငန်း လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ယခုတစ်ကြိမ်တွင်မူ တာရှင်တော့ဗ်အမည်ရှိ ထရပ်ကားမောင်းသူတောင်ပိုင်းသို့ ခရီးလွန်သွားခဲ့ပြီး မိုးဆူးလ်နှင့် တီကရစ်ကြားတစ်နေရာတွင် ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း အိုမာတဟန်က ပြောကြားသည်။

အီရတ်၌ တာရှင်တော့ဗ်က ၎င်း၏နိုင်ငံသားများ အီရတ်နိုင်ငံသိမ်းပိုက်ရေး အမေရိကန် တပ်ဖွဲ့ဝင်များအတွက် လုပ်ငန်းဆောင်ရွက်ခြင်း မပြုကြရန် တိုက်တွန်းထားမှုကို ဖော်ပြပါ ဗီဒီယိုခွေအား တူရကီ ရုပ်မြင်သံကြားက ပြသသည်။

လုပ်ဖော်ကိုင်ဖက်များအနေဖြင့် အမေရိကန် ပြည်ထောင်စုအတွက် အီရတ်သို့ မလာသင့်ကြောင်း၊ အမေရိကန်တို့က သတ်ဖြတ်ကြောင်း၊ ချောင်းမြောင်း ပစ်ခတ်ကြကြောင်း၊ ၎င်းတို့သည် မကောင်းတာမှန်သမျှကို အကုန်လုပ်ကြောင်း၊ ကျေးဇူးပြု၍ မိမိ၏လုပ်ဖော်ကိုင်ဖက်များအနေဖြင့် အီရတ်သို့မလာကြရန်တိုက်တွန်းကြောင်း၊ အမေရိကန်သည် မိမိတို့ရန်သူဖြစ်ပြီး အီရတ်မှာ မိမိတို့ အစ်ကိုတော်နိုင်ငံဖြစ်ကြောင်း စသည်ဖြင့် တာရှင်တော့ဗ်က တိုက်တွန်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှု အမေရိကန်စစ်ထောက်လှမ်းရေးများက ခိုင်းစေသည်ဟုဆို

ဟာဂါးစ်တောင်း ဩဂုတ် ၈

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်စေရန် အမေရိကန်စစ်ထောက်လှမ်းရေးအရာရှိများက စေခိုင်းခြင်းဖြစ်ကြောင်းဖြင့် အဘူဂါရိပ်အကျဉ်းစခန်း၌ အရှုပ်တကွဲဖြစ်အောင် စေခိုင်းခံရသည့် အဝတ်မပါ အကျဉ်းသားများကို ကိုယ်တိုင်မြင်တွေ့သူ အမေရိကန်အရန်တပ်မှ တပ်ကြပ်ကြီးဟောင်း ကက်နက် အေဒေးဗစ်က ပြောကြားလိုက်သည်။

မေရီလင်းပြည်နယ် အခြေစိုက် အမှတ်(၃၇၂) စစ်ရဲတပ်ခွဲမှ တပ်ကြပ်ကြီးဟောင်း ကက်နက်ဒေးဗစ်၏ ပြောကြားချက်မှာ အမေရိကန်အစိုးရ၏ ရပ်တည်ချက်နှင့် ဆန့်ကျင်နေသည်။

တပ်ကြပ်ကြီးဟောင်း ကက်နက်ဒေးဗစ်၏တပ်ဖွဲ့မှ အမေရိကန်တပ်ဖွဲ့ဝင်များသာလျှင် အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှုတွင် တိုက်ရိုက်တာဝန်ရှိကြောင်းဖြင့် အမေရိကန်အစိုးရက ကြေညာထားသည်။

အကျဉ်းသားညှဉ်းပန်းမှုတွင် စစ်ထောက်လှမ်းရေးများတွင် ပိုမိုတာဝန်ရှိကြောင်း ကက်နက်ဒေးဗစ်က ပြောကြားသည်။

အမှတ်(၃၂၅) စစ်ထောက်လှမ်းရေးတပ်ရင်းမှ စိစစ်သူမစ္စတာရစ်ဗားရား၏ ကြာသပတေးနေ့က အစစ်ခံချက်မှာ မတိကျကြောင်းဖြင့် ကက်နက်ဒေးဗစ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

အဝတ်မပါသည့် အကျဉ်းသားများကို ကြမ်းပြင်ပေါ်တွားသွားခိုင်းကြောင်းဖြင့် ရစ်ဗားရားက ကြာသပတေးနေ့တွင် ထွက်ဆိုသည်။ ၎င်းတို့တပ်မှ တပ်ဖွဲ့ဝင်နှစ်ဦးဖြစ်သူ ဘရူဖ်နှင့် ခရိုးလ်တို့လည်း ညှဉ်းပန်းနှိပ်စက်မှုတွင်ပါဝင်ပြီး ၎င်းမှာ ယင်းသို့လုပ်ဆောင်ရန် စက်ဆုပ်သည်ဟုလည်း ရစ်ဗားရားက ပြောကြားသည်။

ဘရူဖ်နှင့် ခရိုးလ်တို့သည် အကျဉ်းသားများအား အကျဉ်းစခန်း အတွင်းမှ လူငယ်တစ်ဦးကို အဓမ္မပြုကျင့်ကြောင်း ဝန်ခံခိုင်းလျက် ကြမ်းပြင်ပေါ် တွားသွားခိုင်းကြောင်းဖြင့် ကက်နက်ဒေးဗစ်က ပြောဆိုသည်။ ညှဉ်းပန်းရာတွင် စစ်ရဲများပါသည်ကို မိမိ သတိမရကြောင်းဖြင့်လည်း ၎င်းက ပြောဆိုသည်။

အဘူဂါရိပ်အကျဉ်းစခန်း စကြိုတွင် အောက်တိုဘာ၂၅ရက်က ကြမ်းပြင်၌ လက်ထိတ်ပူးခတ်ထားသော အဝတ်မပါ အကျဉ်းသားသုံးဦးတို့အနီးတွင် ရပ်နေသော တပ်ဖွဲ့ဝင်ခုနစ်ဦးနှင့် အရပ်သားတစ်ဦးတို့၏ပုံတွင် ကက်နက်ဒေးဗစ်နှင့် ရစ်ဗားရားတို့ ပါဝင်သည်။ ကက်နက်ဒေးဗစ်က ၎င်းအနေဖြင့် တပ်ဖွဲ့ဝင်တစ်ဦးကို ရှာဖွေရင်း အကျဉ်းသားများအား စစ်ဆေးသည့်နေရာသို့ ရောက်သွားခြင်းဖြစ်သည်ဟုပြောပြသည်။

ဘရူဖ်နှင့် ခရိုးလ်တို့နှစ်ဦးသည် ညှဉ်းပန်းမှု ကျူးလွန်သူများဖြစ်ပြီး ၎င်းနှင့် ရစ်ဗားရားတို့မှာ ရပ်ကြည့်သူများဖြစ်ကြောင်းဖြင့် ကက်နက်ဒေးဗစ်က ပြောဆိုသည်။

အင်တာနက်။

ဘဂ္ဂဒက်တွင် ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၈

ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များ၏ လှည့်ကင်းအား ဒုံးပစ်လောင်ချာများဖြင့် ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသတွင် သောကြာနေ့က တိုက်ခိုက်ရာတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံ လက်နက်ကိုင်များနှင့် ဘဂ္ဂဒက် ဆင်းရဲသားရပ်ကွက်တွင်လည်းကောင်း၊ နာဂျက်ဖ်မြို့တွင်လည်းကောင်း သောကြာနေ့က တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဩဂုတ် ၅ ရက်က အီရတ်နိုင်ငံ မာဟာဝီမြို့ ရဲစခန်းတွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာဖဂန်တွင် တိုက်ခိုက်မှုများဖြစ်ပွား၊ အပေါင်းပါတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရ

ကဘူးလ် ဩဂုတ် ၇

အာဖဂန်နစ္စတန် နိုင်ငံတွင် ပြီးခဲ့သော သောကြာနေ့က တိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုများတွင် တာလီဘန်များဟု ယူဆရသူများ၏လက်ချက်ကြောင့် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိသွားသည်။ တိုက်ခိုက်သူများက စစ်ယာဉ်တန်းကို လောင်ချာများဖြင့်ပစ်ခတ်ခဲ့ကြပြီး ယာဉ်တစ်စီးအနီးတွင် ဗုံးခွဲတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

တပ်စွဲထား

အာဖဂန်နိုင်ငံတွင်အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့အင်အား ၁၈၀၀၀တို့ တပ်စွဲထားသည်။ ပထမတိုက်ခိုက်မှုမှာ ဇာဘူးလ်ပြည်နယ် ဒိုင်ချိုပန်ခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တာလီဘန်နှင့် တက်ကြွသောတိုက်ခိုက်ရေးသမားများက အမေရိကန်တို့ ထောက်ခံအားပေးထားသော ကဘူးလ်အစိုးရနှင့် အပေါင်းပါတပ်ဖွဲ့များ ဂျီဟတ်ဘာသာရေးစစ်ပွဲအဖြစ် မှတ်ယူကာ တိုက်ခိုက်နေကြခြင်းဖြစ်သည်။ လာမည့်နှစ်လတာ အချိန်အတွင်းတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲတစ်ရပ် ကျင်းပတော့မည်ဖြစ်သည်။ ထိုရွေးကောက်ပွဲကို ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် တာလီဘန်တို့ကတိုက်ခိုက်မှုအရှိန်များကို မြှင့်တင်ခဲ့ကြခြင်းဖြစ်သည်။

ဒဏ်ရာရ

အရေအတွက်အားဖြင့် ၁၀ဦးခန့်ရှိသော ပြောက်ကျားများသည် စစ်ယာဉ် ၁၀စီး ကို လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည့်အတွက် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ငါးဦးတို့ ဒဏ်ရာရခဲ့ကြသည်။

ဒဏ်ရာရရှိသွားကြသူများအနက် သုံးဦးမှာ မူလတာဝန်ကိုချက်ချင်း ပြန်လည်ထမ်းဆောင်နိုင်ကြပြီး နှစ်ဦးမှာမူ ဆေးကုသမှုခံယူကြရသည်။ ထိုနှစ်ဦး၏ အခြေအနေမှာ တည်ငြိမ်မှုရှိကြောင်း သိရသည်။ ဒဏ်ရာရသူအားလုံးမှာ ၎င်းတို့၏ဟမ်းဗီးယာဉ် ထိမှန်ခံရစဉ်ဗုံးစဗုံးနများ မှန်သည့်အတွက်ကြောင့် ဒဏ်ရာရကြခြင်းဖြစ်သည်။

ဒုတိယတိုက်ပွဲမှာလည်း ဇာဘူးလ်ပြည်နယ်အတွင်း၌ပင် ဖြစ်ပွားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပွားသောနေရာမှာ ပြည်နယ်မြို့တော် ကွာလက်၏ မြောက်ဘက်မိုင် ၄၀ အကွာတွင်ဖြစ်၏။ စစ်တပ်ဖွဲ့ဝင်များ စီးနင်းလာသော ဟမ်းဗီးယာဉ်ကို ထောင်ထားသောဗုံး ထိမှန်ခံရသည့်အတွက် အပေါင်းပါတပ်ဖွဲ့ဝင် သုံးဦးတို့ ဒဏ်ရာရခဲ့ကြသည်။ ထိုသုံးဦးစလုံးမှာ မူလတာဝန်ကို ပြန်လည်ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြီးခဲ့သော နှစ်အတွင်းက ဖြစ်ပွားသော မငြိမ်မသက်သည့် တိုက်ခိုက်မှုများအတွင်း အာဖဂန်တိုက်ခိုက်ရေးသမားများ အပါအဝင် လူပေါင်း ၉၀၀ကျော်တို့မှာ အသက်ဆုံးရှုံးခဲ့ကြရပြီဖြစ်သည်။

ဖယ်ရှား

အမေရိကန်နိုင်ငံကို အယ်လ်ခိုင်ဒါအဖွဲ့များက ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် အကြီးအကျယ် တိုက်ခိုက်ခဲ့သည်။ ထိုအဖွဲ့ကို လက်ခံထားသည့်အတွက် အာဖဂန်မှ တာလီဘန်များကို အမေရိကန်တို့က ၂၀၀၁ခုနှစ်တွင် တိုက်ခိုက် ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

သွေးလွန်တုပ်ကွေးပပျောက်ဖို့ ခြင်၊ လောက်လမ်းကင်းအောင် ဆောင်ရွက်ကြပါစို့

လူ့ပတ်ဝန်းကျင်တွင် သက်ရှိနှင့်သက်မဲ့တို့ရှိကြသည်။ သက်ရှိ၊ သက်မဲ့ ပတ်ဝန်းကျင်တို့သည် လူသားတို့ကို ကောင်းကျိုးလည်းပေးသည်။ ဆိုးကျိုးလည်း ပေးသည်။ ကောင်းကျိုးနှင့်ဆိုးကျိုးသည် လူနှင့်ပတ်ဝန်းကျင်တို့၏ ရှင်သန်ထက်မြက်သော ညီမျှခြေပေါ်တွင် တည်မှီသည်။ ကမ္ဘာ့ လူမှု၊ စီးပွားရေး နယ်ပယ်တွင် ဆိုရိုးရှိသည်။ လူနှင့်ပတ်ဝန်းကျင်တွင် ရှင်သန်ထက်မြက်သည့် ညီမျှခြေတည်ဆောက်နိုင်မှ တိုးတက်အောင်မြင်မည်။

ပြည်သူ့ကျန်းမာရေးနယ်ပယ်တွင် ကူးစက်ရောဂါ ဘေးဆိုးကြီးရှိနေသေးသည်။ ကူးစက်ရောဂါဖြစ်ပွားခြင်းသည် အကြောင်းမဲ့ ဖြစ်ပေါ်ခြင်းမဟုတ်။ (၁) ရောဂါပိုး၊ (၂) ရောဂါပိုးသိုလှောင်ရာ၊ (၃) ရောဂါပိုးထွက်ပေါက်၊ (၄) ကူးစက်စေခြင်း၊ (၅) ရောဂါပိုးဝင်လမ်း၊ (၆) ရောဂါလက်ခံသူဟူ၍ ကွင်းဆက်ရှိသည်။



သွေးလွန်တုပ်ကွေးကူးစက်ရောဂါ နှိမ်နင်းရေးတွင် ကူးစက်ပြန့်ပွားခြင်း ကွင်းဆက်(၄)ကို ဖြတ်တောက်ရသည်။ ကွင်းဆက်(၄)ဆိုသည်မှာ ရောဂါပိုး သယ်ဆောင်သည့် ခြင်၊ ယင်၊ ကြွက်၊ ပိုးဟပ် စသည်တို့ဖြစ်သည်။ ယင်းတို့ မပေါက်ပွားနိုင်အောင် ပတ်ဝန်းကျင်သန့်ရှင်းခြင်း၊ ပေါက်ပွားလာသည်တို့ကို သုတ်သင်ရှင်းလင်းခြင်းတို့သည် ရှင်သန်ထက်မြက်သည့် ညီမျှခြေ တည်ဆောက်ခြင်းဖြစ်သည်။

ကူးစက်ရောဂါများတွင် သွေးလွန်တုပ်ကွေးရောဂါဆိုးလည်း ပါဝင်သည်။ ယခုလို မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါ ခေါင်းထောင်လာလေ့ရှိသည်။ ဒင်းဂီးဗိုင်းရပ်(စ်)ပိုး (၁၊ ၂၊ ၃၊ ၄)အမျိုးအစား လေးမျိုးထဲမှ အနည်းဆုံး တစ်မျိုးမျိုးကြောင့် ရောဂါဖြစ်ရသည်။ ရောဂါဖြစ်ရသည်ဆိုရာ၌ ရောဂါပိုးက သူ့အလိုလို ဝင်ပြီးဖြစ်ရခြင်းမဟုတ်၊ ခြင်ပုန်းခေါ် ခြင်ကျားကိုက်ခြင်းကြောင့် အသက်(၁၄)နှစ်အောက် ရင်သွေးငယ်များ ရောဂါဖြစ်ပွားခံစားကြရခြင်း ဖြစ်သည်။ ရန်ကုန်လို ပူအိုက်စွတ်စိုသည့် ဒေသများတွင် အေးဒီး(စ်)အီဂျစ်တိုင်း (Aedes Aegypti) ခြင်ပုန်းကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်စေပြီး၊ အအေးဓာတ်ကဲသည့် ဒေသများတွင် အေးဒီး(စ်)အယ်ဘိုပစ်တပ်စ် (Aedes Albopictus) ခြင်မျိုးကြောင့် ရောဂါဖြစ်ပါသည်။

အေးဒီး(စ်)ခြင်သည် အိမ်အတွင်းအပြင်ရှိ ရေကြည်တွင် ပေါက်ပွားကြရန်အတွက် ဝင်ဥကြသည်။ ပန်းအိုး၊ ရေခွက်၊ ရေစည်၊ ရေအိုး၊ တိုင်ကီ၊ အုတ်ရေကန်၊ ဘူးခွံ၊ ဘက်ထရီအိုးပျက်၊ အုန်းမှုတ်ခွက်၊ အချိုရည်ဘူးခွံ၊ ကားတာယာပျက်စသည်တို့တွင် ဥဥကြပြီး သုံးရက်ခန့်အကြာတွင် ခြင်လောက်လမ်းလေးများ ရာနှင့်ချီပေါက်ဖွားလာတော့သည်။ ခုနစ်ရက်ကျော်ကျော်တွင် ခြင်ဖြစ်ကြပြီး အိမ်ပေါ်တက်၊ ချောင်ခိုပုန်း၊ နေ့ဘက်ထွက်ကိုက်ကြပါတော့သည်။

ဤတွင် ခြင်နှိမ်နင်းကြရပါတော့မည်။ လောက်လမ်းဘဝနှိမ်နင်းခြင်းနှင့် ခြင်ပုန်းဘဝ နှိမ်နင်းခြင်းပြုလုပ်ကြရပါတော့မည်။ လောက်လမ်းက မပျံနိုင်၊ ရေအိုး၊ ရေခွက်တွင်းတွင် ရာချီရှိနေသည်။ ခြင်ပုန်းက လှစ်ခနဲ လှစ်ခနဲ ပျံပြေးနေသည်။ ခြင်တစ်ကောင် သုတ်သင်ရန်ပင် လွယ်ကူလှသည်မဟုတ်။ လောက်လမ်းကို ဖုံး၊ သွန်၊ လဲ၊ စစ်၊ မှောက်၊ ပစ် လုပ်လိုက်လျှင် ခြင်ဖြစ်မည့် လောက်လမ်း ရာထောင်ချီ၍ ပျက်သုဉ်းသွားပါလိမ့်မည်။

လောက်လမ်းကင်းက ခြင်ရှင်းမည်။ ခြင်မရှိက သွေးလွန်တုပ်ကွေး ကင်းဝေးမည်။ ဒီတော့ ကျွန်တော်တို့ ခြင် လောက်လမ်းနှိမ်နင်းရေးကို စနစ်တကျ ဇောက်ချလုပ်ကြရတော့မည်။ ကျန်းမာရေး ဝန်ထမ်းများကဏ္ဍ၊ ပြည်သူလူထုကဏ္ဍနှင့် ကျန်းမာရေးဌာန၊ တခြားဌာနများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုကဏ္ဍတို့ ပေါ်ထွက်လာသည်။ ကျန်းမာရေးဌာနသည် ကြိုတင်စူးစမ်းလေ့လာခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ကုသမှုပေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ခြင်လောက်လမ်း ပေါက်ပွားသည့် အိုးခွက်များစစ်ဆေးခြင်း၊ ပညာပေးခြင်းတို့ ပြုလုပ်သည်တွင် လောက်လမ်းတွေ့ အိုးခွက်ညွှန်းကိန်း (Container Index=CI)၊ ခြင် လောက်လမ်းတွေ့ နေအိမ်ညွှန်းကိန်း (House Index = HI)နှင့် အိမ်အလိုက် လောက်လမ်းတွေ့ အိုးခွက်ညွှန်းကိန်း (Brateau Index = BI)တို့ ဖော်ထုတ်နိုင်ကြပေမည်။ HI ၅ ရာခိုင်နှုန်းနှင့် BI ၂၀ ရာခိုင်နှုန်းအထက် မြင့်တက်နေပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်ကိန်း မြင့်မားနေခြင်းကို ညွှန်းပြနေခြင်းဖြစ်သည်။ ညွှန်းကိန်းများ ကျဆင်းစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေး၊ တခြားဌာနများ၊ အင်ဂျီအိုများ၊ ပြည်သူလူထုပေါင်းစပ်ပြီး လောက်လမ်းဖယ်ရှင်းရေး၊ လောက်လမ်းကင်းဝေးရေး အတွက် နည်းဗျူဟာငါးရပ် ချမှတ်ဆောင်ရွက်နေသည်။

(၁) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရှိ တာဝန်ရှိသူများအား သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး နည်းဗျူဟာ၊ နည်းလမ်းများ ရှင်းလင်းတင်ပြခြင်း၊

တင်လှိုင် (ကျန်းမာ)

(၂) ပြည်သူလူထု လှုပ်ရှားမှုအသွင်ဖြင့် ပုံမှန်လောက်လမ်း နှိမ်နင်းရေး ဆောင်ရွက်ခြင်း၊

(၃) မူကြိုကျောင်း၊ နေ့ကလေးထိန်းကျောင်းများတွင် ခြင်ထောင်များ အသုံးပြုစေခြင်း၊ ဆေးစိမ်ခြင်ထောင်၊ ခန်းဆီးလိုက်ကာများ သုံးစွဲနိုင်ရန်ဝေငှခြင်း၊

(၄) အခြေခံပညာကျောင်းတိုင်းတွင် ခြင်၊လောက်လမ်းနှိမ်နင်းခြင်း၊

(၅) နေအိမ်တိုင်းတွင် ကိုယ့်အားကိုယ်ကိုး လောက်လမ်းနှိမ်နင်းခြင်း။

နည်းဗျူဟာငါးရပ် အောင်မြင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ အစိုးရဝန်ထမ်းများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက မိမိတို့နေအိမ်များ၊ ရုံးများတွင် ခြင်၊ လောက်လမ်းကင်းစင်အောင် (Larva Free Area) စံပြဆောင်ရွက်ပြဖို့ လိုအပ်ပါသည်။ ၎င်းမှာ **ရင်းနှီးမြှုပ်နှံမှုစွမ်းအားစုများ** ဖြစ်ပါသည်(Inputs)။

အဝင်ရှိလျှင် အထွက်ရှိမြဲဖြစ်သည်။ အသွားရှိလျှင် အပြန်ရှိမြဲဖြစ်သည်။ လုပ်ရင်းကိုင်ရင်း၊ လှုပ်ရှားရင်း၊ ဖတ်ရှုလေ့လာဆွေးနွေးရင်း သွေးလွန်တုပ်ကွေး ဖြစ်ပွားစေခြင်း၊ ကူးစက်ပြန့်ပွားခြင်း၊ ကာကွယ်ခြင်း၊ ပြည်သူ့ကဏ္ဍအရေးပါခြင်း စသည့် အသိတရားတိုးပွားလာမည်။ ပြည်သူလူထုအတွင်းမှ ကျန်းမာရေးဗဟုသုတပြည့်ဝလာသူများ ထွက်ပေါ်လာခြင်းဆိုသည့် အကျိုးရလာပေမည်(Output)။ ထိုအခါအများပြည်သူတို့က **“သွေးလွန်တုပ်ကွေးရောဂါဟာ ငါတို့ရင်သွေးများရဲ့ ရန်သူအစစ်ပဲ၊ တရားခံက ခြင်ပုန်းကွ၊ သင်းတို့တစ်တွေဟာ ပေါက်ပွားစရာ နေရာရှိလို့ ဝင်ဥကြ၊ ပေါက်ကြတာ၊ ဒီတော့ ပေါက်ပွားစရာ နေရာမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ ပစ် လုပ်ကြမယ်”** ဆိုသည့် ခိုင်မာသည့် ဆုံးဖြတ်ချက်ချမှတ်ပြီး မိမိတို့နေအိမ်၊ မိမိတို့ရပ်ကွက်များတွင် နေ့စဉ်ဆောင်ရွက်မှု၊ လူထုလှုပ်ရှားမှုအနေဖြင့် စနေနေ့တိုင်း ပူးပေါင်းပါဝင် ဆောင်ရွက်မှုရလဒ် မုချရရှိလာပေလိမ့်မည် (Outcome)။

တကယ်လုပ် အဟုတ်ဖြစ်သည်။ စိတ်စေတနာကောင်း ပါဖို့သာလိုသည်။ နေ့စဉ် ဖုံး၊ သွန်၊ လဲ၊ စစ်၊ ပစ်လုပ်ငန်းကို အိမ်တိုင်းက ဆောင်ရွက်သည်။ လူထုအားဖြင့် စနေနေ့တိုင်းပြုလုပ်သည်။ ဒီတော့တိကျမှုရှိသည် (Specific)။ စစ်ဆေးသွန်မှောက်သည်က မည်ရွေ့မည်မျှ၊ သုတ်သင်ရှင်းလင်းဖို့က ဘယ်ရွေ့ဘယ်မျှဆိုသည်ကိုလည်း ရေတွက်နိုင်သည်၊ တိုင်းတာနိုင်ပြန်သည်၊ (Measurable)။ လုပ်ငန်းဆောင်ရွက်မှုအတိုင်းအတာက ငွေမကုန်၊ လူမပန်း၊ အသက်အရွယ်မရွေး ဆောင်ရွက်နိုင်သည်(Achieve)။ ကာလ၊ ဒေသ၊ ပယောဂနှင့် ဆီလျော်မှုရှိသည်(Relevant)။ အချိန်ကာလ တိတိကျကျ ချမှတ်ဆောင်ရွက်နိုင်သည်(Time Allow)။ ယင်းငါးချက်ပြည့်စုံသည့် လုပ်ငန်းလျာထားချက် (SMART)၊ ရည်မှန်းချက်တိုင်း မလွဲမသွေ အောင်မြင်နိုင်မည်ဖြစ်ပေသည်။ ။

သွေးလွန်တုပ်ကွေး ကူးစက်ရောဂါ နှိမ်နင်းရေးတွင် ကူးစက်ပြန့်ပွားခြင်း ကွင်းဆက်(၄)ကို ဖြတ်တောက်ရသည်။ ကွင်းဆက်(၄) ဆိုသည်မှာ ရောဂါပိုး သယ်ဆောင်သည့် ခြင်၊ ယင်၊ ကြွက်၊ ပိုးဟပ် စသည်တို့ဖြစ်သည်။ ယင်းတို့ မပေါက်ပွားနိုင်အောင် ပတ်ဝန်းကျင် သန့်ရှင်းခြင်း၊ ပေါက်ပွားလာသည်တို့ကို သုတ်သင်ရှင်းလင်းခြင်းတို့သည် ရှင်သန်ထက်မြက်သည့် ညီမျှခြေ တည်ဆောက်ခြင်းဖြစ်သည်။

ရေနုတ်မြောင်းများ တူးဖော်

ဝမ်းတွင်း ဇူလိုင် ၅

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီကာလအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ခြင်များ မပေါက်ပွားရေးနှင့် အနံ့အသက်ဆိုးများ မထွက်ရှိစေရန်အတွက် သဲတော ရေမြောင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက စည်ပင်အဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူလူထု ပူးပေါင်း၍ စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးစောထွန်းစိန်တို့က ကြီးကြပ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လောင်းလုံမြို့နယ် အနောက်ပြင်လမ်း သစ်သားတံတား တည်ဆောက်မှုကို ဇူလိုင် ၂၃ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - Nutrition (ဒုတိယနှစ်၊ အိမ်တွင်းစီးပွား)
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ရတနာရွှေအိုး” (အပိုင်း-၂၄)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်သူ့တရားရှင်၊ အဆိပ်မယ်နှင့်ငါးဒေဝီ” (အပိုင်း-၂)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

ဒေသအတွင်း စိမ်းလန်းစိုပြည်

မန္တလေးတိုင်း သာစည်မြို့နယ်၊ မင်းဘုရားကန်ကျေးရွာတွင် စိုက်ပျိုးထားသော ကျေးလက်ဒေသဘက်စုံသုံး ထင်းစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-သစ်တော)

မကွေးတိုင်း၊ မကွေးမြို့နယ်၊ ကန်သာလေးကျေးရွာတွင် စိုက်ပျိုးထားသော ကျေးလက်ဒေသ ဘက်စုံသုံး ဧက ၅၀ စိုက်ခင်းကို တွေ့ရစဉ်။ [ဓာတ်ပုံ-မိုးကို(သစ်တော)]

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်သောက်သုံးရေ ရရှိရေးအတွက် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဝက်ချုပ်ကုန်းကျေးရွာအနီး တူးဖော်ပေးထားသော ဝက်ချုပ်ကုန်းရေကန်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-သစ်တော)

မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ် သက္ကယ်ကျင်းကျေးရွာတွင် စိုက်ပျိုးထားသော ယူကလစ် ဧက ၂၀၀ ကျေးရွာစိုက်ခင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-သစ်တောရေးရာ)

ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်ပြည်သူများ စိုက်ပျိုးရေရရှိရေးအတွက် ပခုက္ကူမြို့နယ် တန့်ကြည်တောင်ခြေတွင် တည်ဆောက်ထားသော ဆိက္ခဝရေထိန်းတမံကို တွေ့ရစဉ်။ (ဓာတ်ပုံ-သစ်တောရေးရာ)

အခြေခံစားကုန်သီးနှံများ ပြည်ပသို့ မဆင်မခြင် တင်ပို့မည်ဆိုပါက ဈေးနှုန်းများ မြင့်တက်ကာ
ပြည်တွင်းစားသုံးမှုဖူလုံရေး လိုအပ်ချက်ထက် ပိုမိုထုတ်လုပ်နိုင်သည့်ပမာဏကိုသာ ပြည်

☞ ကျောဖုံးမှ

ယနေ့ကျင်းပသည့် အစည်းအဝေးမှာ ဈေးကွက်ဝင် လယ်ယာထွက်ကုန်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန် အဓိကရည်ရွယ်လျက် လစဉ်ပုံမှန်စည်းဝေး ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဝန်ကြီးဌာနအသီးသီးမှ ကူညီပံ့ပိုးနိုင်သမျှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း။

အမြဲထာဝရ

နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ အမြဲထာဝရ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ယခင်ခေတ်ကာလကမရှိခဲ့သည့် တိုင်းရင်းသားပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ထွန်းလာစေရန် မိမိတို့တပ်မတော်အစိုးရ လက်ထက်တွင် မြေတောင်မြှောက် အားပေးတည်ထောင်ပေးခဲ့သည်ကို အထင်အရှား တွေ့ရှိရမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့ နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအပိုင်းက စွမ်းအားပြည့် ပါဝင်ပူးပေါင်းလက်တွဲပြီး နိုင်ငံတော်အတွက်ရော၊ မိမိတို့စီးပွားရေး လုပ်ငန်းရှင်များအတွက်ရော၊ ပြည်သူများအတွက်ပါ အကျိုးကျေးဇူးဖြစ်ထွန်းစေရအောင် အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မိန့်ကြားချက်များကို ပြန်လည်ပြောကြားလိုကြောင်း။

☆ ပြည်ပပို့ကုန်အဖြစ် စပါးနှင့် ပဲနှစ်မျိုးလောက်ဖြင့်သာ ကျေနပ်ရောင့်ရဲနေမည်ဆိုလျှင် တိုင်းပြည်၏ စီးပွားရေးသည် မည်သို့မျှ တိုးတက်ဖွံ့ဖြိုးမှုရှိလာနိုင်မည်မဟုတ်ကြောင်း၊ အခြားနိုင်ငံများတွင် သစ်သီးဝလံနှင့် သစ်ခွ အပါအဝင် ပန်းမန်များ တင်ပို့ခြင်းသာမက ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ဒန့်သလွန်သီး စသည့် ဟင်းသီးဟင်းရွက်များကိုပင် ပြည်ပသို့တင်ပို့ခြင်းမှ နိုင်ငံခြားငွေ ဒေါ်လာသန်းရာနှင့်ချီ၍ ရရှိနေကြောင်း၊ ပို့ကုန်ပစ္စည်းအမယ်ပေါင်းများစွာကို တိုးချဲ့တင်ပို့ခြင်းဖြင့် တိုင်းပြည်၏ စုစုပေါင်း ပြည်ပကုန်သွယ်မှုပမာဏ(Trade Volume) သည်လည်း များစွာတိုးတက်မှုရှိလာမည်ဖြစ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အဓိကကုန်ထုတ်လုပ်ငန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးက–

နိုင်ငံတော်တွင် အဓိကကျသည့် ကုန်ထုတ်လုပ်ငန်းမှာ စိုက်ပျိုးထုတ်ကုန်သီးနှံထုတ်လုပ်ရေးလုပ်ငန်းဖြစ်ကြောင်း။

ထို့အတူ တိုင်းပြည်၏ စီးပွားရေးသည် အခြေခံအားဖြင့် စိုက်ပျိုးရေးအပေါ် တည်မှီနေသည့်အလျောက် စီးပွားရေးအခြေအနေကောင်းများပေါ်ထွန်းလာရန်မှာလည်း အဓိကအားဖြင့် မိုးရာသီအတွင်း လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်လာရေးသည် အလွန်ပင် အရေးကြီးကြောင်း၊ လယ်ယာလုပ်ငန်းခွင်တွင် စိုက်ပျိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဖိဖိစီးစီး လုပ်ကိုင်ကြရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဦးဆောင်ဦးရွက်ပြုပြီး ထိရောက်အောင်မြင်စွာဖြင့် ကြိုးပမ်းအားထုတ် လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်လာရန် အရေးကြီးသည်ဟုဆိုရာတွင် ထုတ်လုပ်ရရှိသည့် စိုက်ပျိုးထုတ်ကုန်သီးနှံများသည် ပြည်တွင်းစားသုံးမှုဖူလုံရေး လိုအပ်ချက်သာမက အဓိကပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ရန် လိုအပ်ချက်လည်းရှိနေသဖြင့် ပြည်တွင်းစားသုံးမှု ပိုလျှံသည့်အပြင် ပြည်ပသို့ပါ တိုးချဲ့တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်ကုန်သီးနှံများကို တိုးတက်စိုက်ပျိုးလုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးရန် လိုအပ်သည့် အဓိကသီးနှံများနှင့် ဈေးကွက်ဝင်ပို့ကုန်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးလာစေရန်နှင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်ကုန်သီးနှံ ရောင်းဝယ်မှုဆိုင်ရာ မူဝါဒများကို ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း။

လွတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့်

ယနေ့ဆိုလျှင် နိုင်ငံတော်ကချုပ်ကိုင်ထားသည့် စီးပွားကုန်သွယ်မှုလုပ်ငန်းများသည် မရှိသလောက်ပင်ဖြစ်ကြောင်း၊ ယခင်ခေတ်ကာလများက နိုင်ငံတော်အစိုးရအနေဖြင့် တစ်ချိန်လုံး ထိန်းချုပ်ထားခဲ့သည့် ကုန်ပစ္စည်း(State-controlled Commodities) များနှင့် ပတ်သက်၍ မိမိတို့ တာဝန်ယူသည့်ကာလအတွင်း ထူးထူးခြားခြားပင် ထိန်းချုပ်မှုကင်းလွတ်ခွင့်များပေးပြီး အားလုံးလွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ပြုခဲ့ကြောင်း၊ ယင်းသို့ ထိန်းချုပ်မှုမှကင်းလွတ်ခွင့်ပေးခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးထုတ်ကုန်သီးနှံများ ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်လာစေရန်အတွက်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်ကုန်သီးနှံများ ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ် လာနိုင်သည်နှင့်အမျှ ဈေးကွက်ဝင် ပြည်ပပို့ကုန်သီးနှံများကိုလည်း ပိုမိုတိုးချဲ့တင်ပို့သွားနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်ဟုဆိုရာတွင် ဆန်စပါးနှင့် ပဲမျိုးစုံသီးနှံကုန်စည် နှစ်မျိုးကိုသာ ဆိုလိုခြင်းမဟုတ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပို့ကုန်သီးနှံ နှစ်မျိုးလောက်အပေါ်တွင်သာ မှီခိုရပ်တည်၍ မရနိုင်ကြောင်း၊ အခြားသီးနှံများကိုလည်း ပို့ကုန်ပစ္စည်းအမယ်သစ်အဆင့်သို့ ရောက်ရှိသည်အထိ တိုးတက်ထုတ်လုပ်သွားရန် လိုအပ်ကြောင်း။

ပြည်ပပို့ကုန်

ပြည်ပပို့ကုန်အဖြစ် စပါးနှင့် ပဲနှစ်မျိုးလောက်ဖြင့်သာ ကျေနပ်ရောင့်ရဲနေမည်ဆိုလျှင် တိုင်းပြည်၏ စီးပွားရေးသည် မည်သို့မျှ တိုးတက်ဖွံ့ဖြိုးမှုရှိလာနိုင်မည်မဟုတ်ကြောင်း၊ အခြားနိုင်ငံများတွင် သစ်သီးဝလံနှင့် သစ်ခွအပါအဝင် ပန်းမန်များ တင်ပို့ခြင်းသာမက ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ဒန့်သလွန်သီး စသည့် ဟင်းသီးဟင်းရွက်များကိုပင် ပြည်ပသို့တင်ပို့ခြင်းမှ နိုင်ငံခြားငွေ ဒေါ်လာသန်းရာနှင့်ချီ၍ ရရှိနေကြောင်း၊ ပို့ကုန်ပစ္စည်း အမယ်ပေါင်းများစွာကို တိုးချဲ့တင်ပို့ခြင်းဖြင့် တိုင်းပြည်၏ စုစုပေါင်း ပြည်ပကုန်သွယ်မှုပမာဏ (Trade Volume) **သည်လည်း များစွာတိုးတက်မှု ရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိအဓိက တင်ပို့နေသည့် ဆန်စပါးနှင့် ပဲမျိုးစုံသီးနှံ ပို့ကုန်နှစ်မျိုးအနက်**

ပဲမျိုးစုံကိုပင် မိမိတို့တာဝန်ယူသည့် ...
ခြင်းဖြစ်ကြောင်း၊ တစ်ချိန်က ပဲမျိုးစုံ ...
မိမိတို့ တာဝန်ယူသည့်ကာလအတွ ...
နီးပါးအထိ တိုးမြှင့်တင်ပို့လာနိုင်ခြင်း ...
အဖြစ် ဈေးကွက် တိုးချဲ့ရှာဖွေတင် ...
ချက်နှင့်အညီ တိုးတက်ထုတ်လုပ် ...
လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများနှ ...
လယ်သမားများ ပူးပေါင်းပြီး ညီ ...
သွားကြရန် လိုအပ်ကြောင်း။

သတိပြုရန်လ...

စိုက်ပျိုးထုတ်ကုန် သီးနှံအမယ် ...
ရေတ်၊ ကြက်သွန် စသည့် အခြေ ...

နိုင်ငံတော် အေးချမ်းသာယာရေး ...
ရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ...
ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်င ...
လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည် ...
စဉ်။

စားသုံးမှုဖူလုံရုံမျှသာရှိသည့် အခြေ ...
တင်ပို့မည်ဆိုပါက ယင်းစားကုန်ပစ္စ ...
ကာ ပြည်သူများ အခက်အခဲနှင့် ...
လိုအပ်ကြောင်း၊ အခြေခံစားကုန် ...
လိုအပ်ချက်ထက် ပိုမိုတိုးတက် စိုက်ပျိုး ...
ထုတ်လုပ်ရရှိသည့် သီးနှံများကို တင် ...
ဖူလုံရေး လိုအပ်ချက်ထက် ပိုမို ...
ပြည်ပသို့ တင်ပို့ရောင်းချသွားရန် ...
ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

ယနေ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှ ...
ကဏ္ဍ၌ ယခင်ခေတ်ကာလနှင့်နှိုင်းဆပါက ...
များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီကို တွေ့နိုင် ...

ဆီအုန်းစိုက်ပ...

ထို့အပြင် ပြည်တွင်းစားသုံးမှုဖူလုံစေ ...
ရှင်များကို အားပေးကူညီပြီး ဆီအုန်းစိုက်ပ ...
ဆောင်ရွက်လျက်လည်းရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူး ...
ခဲ့သည့်အတိုင်း နိုင်ငံတော်က အဓိက ...
လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပြီး ထွက် ...
များများတင်ပို့နိုင်မှသာ နိုင်ငံတော်၏ ပြည် ...
အတွက် လိုအပ်သည့်သွင်းကုန်များကို လုံ ...
ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပကု ...
ပို့ကုန်ပမာဏနှင့် လိုက်လျောညီထွေစွာ ...

ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်သူများကို တွေ့ရစဉ်။ (သတင်းစဉ်)

ား မြင့်တက်ကာ ပြည်သူများ အခက်အခဲနှင့် ကြုံတွေ့နိုင်
ဏကိုသာ ပြည်ပသို့ တင်ပို့ရောင်းချသွားရန်လိုအပ်

ပဲမျိုးစုံကိုပင် မိမိတို့တာဝန်ယူသည့်အချိန်ကာလတွင်မှ တိုးချဲ့တင်ပို့နိုင်ခြင်းဖြစ်ကြောင်း၊ တစ်ချိန်က ပဲမျိုးစုံကို အမြင့်ဆုံးတင်ပို့နိုင်မှုပမာဏထက် မိမိတို့ တာဝန်ယူသည့်ကာလအတွင်း တန်ချိန် ၁၀ ဆကျော်ကျော်နီးပါးအထိ တိုးမြှင့်တင်ပို့လာနိုင်ခြင်းဖြစ်ကြောင်း၊ ပို့ကုန်အမယ်သစ်များအဖြစ် ဈေးကွက် တိုးချဲ့ရှာဖွေတင်ပို့နိုင်ရေးနှင့် ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ တိုးတက်ထုတ်လုပ်နိုင်ရေးတို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများနှင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ ပူးပေါင်းပြီး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

သတိပြုရန်လိုအပ်

စိုက်ပျိုးထုတ်ကုန် သီးနှံအမယ်သစ်များကို တိုးချဲ့တင်ပို့ရာတွင် ဂေရုတ်၊ ကြက်သွန် စသည့် အခြေခံစားကုန်သီးနှံများကို ပြည်တွင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

စားသုံးမှုဖူလုံရုံမျှသာရှိသည့် အခြေအနေတွင် ပြည်ပသို့ မဆင်မခြင် တင်ပို့မည်ဆိုပါက ယင်းစားကုန်ပစ္စည်းများ ဈေးနှုန်းများ မြင့်တက်လာကာ ပြည်သူများ အခက်အခဲနှင့် ကြုံတွေ့လာနိုင်သည်ကို သတိပြုရန် လိုအပ်ကြောင်း၊ အခြေခံစားကုန်သီးနှံများကို ပြည်တွင်းစားသုံးမှု လိုအပ်ချက်ထက် ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်သကဲ့သို့ ထုတ်လုပ်ရရှိသည့် သီးနှံများကို တင်ပို့ရာတွင်လည်း ပြည်တွင်းစားသုံးမှု ဖူလုံရေး လိုအပ်ချက်ထက် ပိုမိုထုတ်လုပ်နိုင်သည့် ပမာဏကိုသာ ပြည်ပသို့ တင်ပို့ရောင်းချသွားရန် လိုအပ်ကြောင်း

ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

ယနေ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကိုကြည့်လျှင် စိုက်ပျိုးရေးကဏ္ဍ၌ ယခင်ခေတ်ကာလနှင့်နှိုင်းဆပါက မိမိတို့အစိုးရခေတ် ကာလတွင် များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီကို တွေ့နိုင်ကြောင်း။

ဆီအုန်းစိုက်ပျိုးရေး

ထို့အပြင် ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် တိုင်းရင်းသား လုပ်ငန်းရှင်များကို အားပေးကူညီပြီး ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်လည်းရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မိန့်ကြားခဲ့သည့်အတိုင်း နိုင်ငံတော်က အဓိကအားထားနေရသည့် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပြီး ထွက်ပေါ်လာသည့်သီးနှံများကို ပြည်ပသို့ များများတင်ပို့နိုင်မှသာ နိုင်ငံတော်၏ ပြည်ပဝင်ငွေ တိုးတက်ရရှိပြီး နိုင်ငံတော်အတွက် လိုအပ်သည့်သွင်းကုန်များကို လုံလုံလောက်လောက် တင်သွင်းနိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပကုန်သွယ်မှုကဏ္ဍတွင် ပို့ကုန်တိုးမြှင့်ပြီး ပို့ကုန်ပမာဏနှင့် လိုက်လျောညီထွေစွာ သွင်းကုန်ကို လျှော့ချတင်သွင်းခြင်းအားဖြင့် ပြည်ပကုန်သွယ်မှု မျှမျှတတဖြစ်ထွန်းစေရန်နှင့် တစ်ဆင့်တိုးပြီး ပို့ကုန်တန်ဖိုး ပိုမိုစေရေးမူဝါဒ ချမှတ်ဆောင်ရွက်လျက်ရှိရာ အလားအလာများကောင်းလျက်ရှိကြောင်း။

အလားတူပင် အမျိုးသားရေး ဦးတည်ချက်(၁၂)ရပ်တွင် စီးပွားရေး ဦးတည်ချက်တစ်ရပ်အဖြစ် "စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရန်" ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်လည်းရှိကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းခိုင်မာစေရေးတွင် စိုက်ပျိုးရေးကဏ္ဍ လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လျက် ပြည်ပဝင်ငွေရှာဖွေရေးသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

စေတနာရှေ့ထား

တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ မြေတောင်မြှောက် အားပေးကူညီမှုများကြောင့်သာ ယခုအခြေအနေသို့ ရောက်ရှိဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်ကို သိမြင်သဘောပေါက်ပြီး နိုင်ငံတော်၏ ကျေးဇူးတရား၊ ပြည်သူများ၏ ကျေးဇူးတရားတို့ကို တုံ့ပြန်ပေးဆပ်သည့်အနေဖြင့် မိမိတို့လည်း အကျိုးရှိစေရအောင်၊ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းစေရအောင် စေတနာရှေ့ထားလျက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးကဏ္ဍတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း။

အမျိုးသားညီလာခံကြီးကျင်းပခြင်း အပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလုပ်ငန်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုဆိုလျှင် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး၏ အပိုင်းကဏ္ဍတစ်ရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း။

လိုအပ်ချက်(၃)ချက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် အသွင်ကူးပြောင်း ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်(၃)ချက်ရှိရမှာဖြစ်ကြောင်း။

ပထမအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေဖို့ လိုကြောင်း။

ဒုတိယအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းပြီး ပြည်သူများ စားဝတ်နေရေး ဖူလုံပြည့်စုံလျက် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားဖို့လိုကြောင်း။

တတိယအခြေခံလိုအပ်ချက်မှာ ပြည်သူအများ အသိဉာဏ်မြင့်မားမှု၊ ဆင်ခြင်တုံတရားဖြင့် ပြည့်ဝမှု အရည်အသွေးများ တိုးတက်ဖြစ်ထွန်းစေရေးပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာရေးတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိနေကြောင်း။

ပူးပေါင်းပါဝင်

ယင်းသို့ အမျိုးသားစီးပွားရေးဘဝ တိုးတက်တောင့်တင်းခိုင်မာရေးအတွက် ပြည်သူအများနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုလိုအပ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြည်ပဝင်ငွေရှာဖွေရေးတွင် အားထားရသော လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုနှင့် စွမ်းအင်ကဏ္ဍများမှာ သိသာစွာ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့နိုင်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားပြီး တစ်ဦးချင်းဝင်ငွေလည်း တိုးလာသည်ကို တွေ့နိုင်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးသည် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်ရေးအပါအဝင် အဆင့်ဆင့် စီမံဆောင်ရွက်ဖွယ်ရာများ များစွာရှိကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်မိန့်ကြားချက်များ

- ☆ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်ကုန်သီးနှံ ရောင်းဝယ်မှုဆိုင်ရာမူဝါဒများကို ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးထားပြီးဖြစ်၊
- ☆ ယနေ့ဆိုလျှင် နိုင်ငံတော်က ချုပ်ကိုင်ထားသည့် စီးပွားကုန်သွယ်မှုလုပ်ငန်းများသည် မရှိသလောက်ပင်ဖြစ်၊
- ☆ ယခင်ခေတ်ကာလများက နိုင်ငံတော်အစိုးရအနေဖြင့် တစ်ချိန်လုံး ထိန်းချုပ်ထားခဲ့သည့် ကုန်ပစ္စည်း(State-controlled Commodities)များနှင့် ပတ်သက်၍ မိမိတို့တာဝန်ယူသည့် ကာလအတွင်း ထူးထူးခြားခြားပင် ထိန်းချုပ်မှု ကင်းလွတ်ခွင့်များပေးပြီး အားလုံးလွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ပြုခဲ့၊
- ☆ ယင်းသို့ ထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ပေးခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးထုတ်ကုန်သီးနှံများ ပိုမိုတိုးတက စိုက်ပျိုးထုတ်လုပ်လာစေရန်အတွက်ဖြစ်၊
- ☆ စိုက်ပျိုးထုတ်ကုန်သီးနှံများ ပိုမိုတိုးတက စိုက်ပျိုးထုတ်လုပ်လာနိုင်သည်နှင့်အမျှ ဈေးကွက်ဝင် ပြည်ပပို့ကုန်သီးနှံများကိုလည်း ပိုမိုတိုးချဲ့ တင်ပို့သွားနိုင်မည်ဖြစ်၊
- ☆ ပြည်ပပို့ကုန်ဟုဆိုရာတွင် ဆန်စပါးနှင့် ပဲမျိုးစုံသီးနှံ ကုန်စည်နှစ်မျိုးကိုသာ ဆိုလိုခြင်းမဟုတ်၊
- ☆ နိုင်ငံတော်၏စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပို့ကုန်သီးနှံနှစ်မျိုးလောက်အပေါ်တွင်သာ မှီခိုရပ်တည်၍မရနိုင်၊
- ☆ အခြားသီးနှံများကိုလည်း ပို့ကုန်ပစ္စည်းအမယ်သစ်အဆင့်သို့ ရောက်ရှိသည်အထိ တိုးတက်ထုတ်လုပ်သွားရန်လိုအပ်၊
- ☆ ပြည်ပပို့ကုန်အဖြစ် စပါးနှင့်ပဲနှစ်မျိုးလောက်ဖြင့်သာ ကျေနပ်ရောင့်ရဲနေမည်ဆိုလျှင် တိုင်းပြည်၏စီးပွားရေးသည် မည်သို့မျှ တိုးတက်ဖွံ့ဖြိုးမှု ရှိလာနိုင်မည်မဟုတ်၊
- ☆ အခြားနိုင်ငံများတွင် သစ်သီးဝလံနှင့်သစ်ခွအပါအဝင် ပန်းမန်များ တင်ပို့ခြင်းသာမက ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ဒန့်သလွန်သီး စသည့် ဟင်းသီးဟင်းရွက်များကိုပင် ပြည်ပသို့တင်ပို့ခြင်းမှ နိုင်ငံခြားငွေ ဒေါ်လာသန်းရာနှင့်ချီ၍ ရရှိနေ၊
- ☆ ပို့ကုန်ပစ္စည်းအမယ်ပေါင်းများစွာကို တိုးချဲ့တင်ပို့ခြင်းဖြင့် တိုင်းပြည်၏ စုစုပေါင်း ပြည်ပကုန်သွယ်မှုပမာဏ(Trade Volume)သည်လည်း များစွာ တိုးတက်မှုရှိလာမည်ဖြစ်၊
- ☆ လက်ရှိ အဓိကတင်ပို့နေသည့် ဆန်စပါးနှင့် ပဲမျိုးစုံသီးနှံ ပို့ကုန်နှစ်မျိုးအနက် ပဲမျိုးစုံကိုပင် မိမိတို့တာဝန်ယူသည့် အချိန်ကာလတွင်မှ တိုးချဲ့တင်ပို့နိုင်ခြင်းဖြစ်၊
- ☆ တစ်ချိန်က ပဲမျိုးစုံကို အမြင့်ဆုံးတင်ပို့နိုင်မှု ပမာဏထက် မိမိတို့ တာဝန်ယူသည့် ကာလအတွင်း တန်ချိန် ၁၀ဆကျော်ကျော်နီးပါးအထိ တိုးမြှင့်တင်ပို့လာနိုင်၊
- ☆ ပို့ကုန်အမယ်သစ်များ ဈေးကွက်တိုးချဲ့ ရှာဖွေတင်ပို့နိုင်ရေးနှင့် ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများနှင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ ပူးပေါင်းပြီး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြ၊
- ☆ စိုက်ပျိုးထုတ်ကုန်သီးနှံအမယ်သစ်များ တိုးချဲ့တင်ပို့ရာတွင် ဂေရုတ်၊ ကြက်သွန် စသည့် အခြေခံစားကုန်သီးနှံများကို ပြည်တွင်းစားသုံးမှု ဖူလုံရုံမျှသာရှိသည့် အခြေအနေတွင် ပြည်ပသို့ မဆင်မခြင် တင်ပို့မည်ဆိုပါက ယင်းစားကုန်ပစ္စည်းများ ဈေးနှုန်းများမြင့်တက်လာကာ ပြည်သူများအခက်အခဲနှင့် ကြုံတွေ့လာနိုင်သည်ကို သတိပြု၊
- ☆ အခြေခံစားကုန်သီးနှံများကို ပြည်တွင်းစားသုံးမှုလိုအပ်ချက်ထက် ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်သွားရန်လိုအပ်၊
- ☆ ထုတ်လုပ်ရရှိသည့်သီးနှံများကို တင်ပို့ရာတွင်လည်း ပြည်တွင်းစားသုံးမှု ဖူလုံရေးလိုအပ်ချက်ထက် ပိုမိုထုတ်လုပ်နိုင်သည့် ပမာဏကိုသာ ပြည်ပသို့ တင်ပို့ရောင်းချသွားရန်လိုအပ်။

စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးစီးပွား ညီညွတ်မျှတရန်အရေးကြီး
စိုက်ပျိုးထုတ်လုပ်သူ လယ်သမားများနှင့် ပြည်ပတင်ပို့သူ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ဖို့လို

✱ စာမျက်နှာ ၉ မှ

ထို့ကြောင့် လက်ရှိအခြေအနေတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍကို အဓိက မြှင့်တင်ပေးနိုင်ဖို့ အရေးကြီးကြောင်း။

အဓိကသီးနှံ (၁၀) မျိုး

နိုင်ငံတော်အစိုးရအနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိရေ၊မြေသဘာဝနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်သည့်အပြင် ပြည်ပဈေးကွက်ရှိသော အဓိကသီးနှံ ၁၀မျိုးကို သတ်မှတ်ပြီး သီးသီးခြားခြား အလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ဝင်ငွေကောင်း သီးနှံသုံးမျိုးဖြစ်သည့် ကော်ဖီ၊ လက်ဖက်နှင့် ငရုတ်ကောင်းသီးနှံများကို စီးပွားဖြစ်၊ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန် အထူးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့မှုမက ပြည်ပဈေးကွက်ကောင်းမွန်သည့် ချည်မျှင်ရှည်ဝါကိုလည်းကောင်း၊ ပြည်ပဝင်ငွေကောင်းမွန်သည့်အပြင် တိုင်းပြည်အတွက်လည်း လိုအပ်နေသည့် နှစ်ရှည်သီးနှံများဖြစ်သော ဆီအုန်း၊ ရော်ဘာနှင့် သစ်ဆိမ့်သီးနှံများ စိုက်ပျိုးရေးကို နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ရုံအလုပ်ရုံများ၊ တည်ဆောက်ရေးလုပ်ငန်းကြီးများ အောင်မြင်ဖြစ်ထွန်းမှုနှင့်အတူ လယ်ယာကဏ္ဍတွင် လုပ်သား

ဆီအုန်း လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော်ထုတ် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်း ရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်း အဝေးတွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အင်အား ရှားပါးမှုဖြစ်ပေါ်လာသည်ကို ကမ္ဘာ့နိုင်ငံအများတွင် တွေ့မြင်ရကြောင်း။

သို့ဖြစ်၍ စက်မှုအခြေခံသော စိုက်ပျိုးရေးလုပ်ငန်းကြီးများဖြစ်ထွန်းလာစေရန် စီးပွားရေးလုပ်ငန်းရှင်များအပိုင်းက ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

ဈေးကွက်ရှာဖွေတိုးချဲ့

အလားတူပင် ထုတ်လုပ်ရေးတိုးတက်ဖြစ်ထွန်းမှုနှင့် လိုက်လျောညီထွေစွာ ဈေးကွက်ရှာဖွေတိုးချဲ့သွားဖို့လိုကြောင်း၊ တစ်ဖက်တွင်လည်း ဈေးကွက်ရှိပြီး သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရမှာဖြစ်ကြောင်း။

စားသုံးသီးနှံဈေးကွက် ကြီးမားစွာဖြစ်ထွန်းနေသည့် ယနေ့အချိန်အခါတွင် စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး ပြည်ပဈေးကွက်ချဲ့ထွင်ကာ နိုင်ငံတော်၏ စီးပွားရေးကို တည်ဆောက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ၂၀၀၄ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် ဆီအုန်းလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းအစည်းအဝေး (၅/၂၀၀၄)ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တနင်္သာရီတိုင်းအတွင်း ဆီအုန်းစေငါးသိန်း ပြည့်မီအောင် စိုက်ပျိုးရေးအတွက် ၁၉၉၉ခုနှစ်မှ စတင်၍ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ၂၀၀၄ခုနှစ် နှစ်ဦးပိုင်းမှစ၍ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား တိုက်တွန်းဆောင်ရွက်ခဲ့သဖြင့် လုပ်ငန်းများ အောင်မြင်မှုအခြေအနေ၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဆီအုန်း ထပ်မံတိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ ပျိုးပင်နှင့် မျိုးစေ့များ စုဆောင်းထားမှု အခြေအနေနှင့် လုပ်ငန်းရှင်များအား ပံ့ပိုးကူညီပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက မကွေးတိုင်းအတွင်း တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြက်သွန်၊ နှမ်း၊ ဝါ၊ ဆီထွက်သီးနှံနှင့် အခြား စားသုံးသီးနှံ စိုက်ပျိုးဒေသများသို့ သွားရောက်လေ့လာတွေ့ရှိခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆီအုန်း လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော်ထုတ် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်း ရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်း အဝေးတွင် လယ်ယာ စိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က တိုင်းရင်းသား စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် မြေယာများရယူထားမှု၊ ဖော်ထုတ်စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည့်အစီအစဉ်များကိုလည်းကောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း ဖွဲ့စည်းဆောင်ရွက်မည့်အစီအစဉ်နှင့် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်သူများဆိုင်ရာ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ချေးငွေထုတ်ချေးမှု

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးမှုနှင့် ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေယာတိုးချဲ့ဖော်ထုတ်ပြီးစီးမှု၊ ပျိုးပင်၊ မျိုးစေ့နှင့် လုပ်ငန်းသုံးစက်ယန္တရားများ စုဆောင်းထားရှိမှုနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအလိုက် ပံ့ပိုးဖြည့်ဆည်းပေးမှုဆိုင်ရာကိစ္စရပ်များ၊ ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညီညွတ်မျှတရန်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးထုတ်လုပ်သူနှင့် ပြည်ပပို့ကုန် တင်ပို့သူတို့ အကျိုးစီးပွားညီညွတ်မျှတရန် အရေးကြီးကြောင်း၊ ယင်းသို့ အကျိုးစီးပွားညီညွတ်မျှတစွာ ဖြစ်ထွန်းစေရန်

ဆီအုန်း လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော်ထုတ် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်း ရှင်များနှင့် တွေ့ဆုံ ညှိနှိုင်းအစည်း အဝေးတွင်ဘဏ္ဍာ ရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ပြည်ပတင်ပို့သူ ကုန်သွယ်မှုလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း။

အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များကိုယ်တိုင်က စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုကဏ္ဍတို့ ပေါင်းစည်းဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အစည်းအဝေး တက်ရောက်လာကြသည့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ပုဇွန်တောင်ဘဏ်ခွဲ တည်ဆောက်မှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့ လိုက်ပါလျက် ရန်ကုန်မြို့ တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရွှေမြေလမ်းထောင့်ရှိ အသစ်ဆောက်လုပ်လျက်ရှိသော မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင်ဘဏ်ခွဲ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းခွင်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိလာရာ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်ဂျာ ဦးအောင်မြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးရာ အိုလံပစ်ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာ ကုမ္ပဏီလီမိတက်မှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စန်းက မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင်ဘဏ်ခွဲအသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အိုလံပစ်ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာကုမ္ပဏီလီမိတက်မှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စန်းက အဆောက်အအုံ ပုံစံငယ်ဖြင့် ဆောက်လုပ်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

အဆိုပါ ရှင်းလင်းတင်ပြချက်များအပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးစွာ ဆောင်ရွက်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ်လိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

ကျောင်းကျန်းမာရေး သီတင်းပတ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေး သီတင်းပတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ စွမ်းအားခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်အဆင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုက အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်တင်ညွန့်ကကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ကြင်ကြူက သွေးလွန်တုပ်ကွေးရောဂါနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၀၅	၆။	အကပြိုင်ပွဲ
၈:၂၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၈။	International News.
၈:၄၅	၉။	Grammar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၄:၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၅:၀၀	၅။	ခံစားနားဆင်တေးဇာတ်ဝင်
၅:၁၅	၆။	မြန်မာစာ၊ မြန်မာစကား
၅:၃၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၀	၈။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူခုန်း"(အပိုင်း-၁၄)**
၆:၃၀	၉။	ညနေခင်းသတင်း
၇:၀၀	၁၀။	မိုးလေဝသအခြေအနေ
၇:၀၅	၁၁။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၂၀	၁၂။	ကြေးမုံရိပ်သွင် တေးနှုယဉ်
၇:၃၅	၁၃။	လားရှိုးခရိုင် နမ့်ပေါင်ကျေးရွာ ဆင်းရွှေလီစပါးစိုက်ပျိုးခြင်း
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ"(အပိုင်း-၁၂)**
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ဩဂုတ် ၉ ရက်က (၃၉) နှစ်မြောက် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Simon Tensing de Cruz နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ပညာရေးဝန်ကြီး ဦးသန်းအောင် ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၉

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် ဦးတည်ချက်နှင့်အညီ အနာဂတ်နိုင်ငံတော်က အားကိုးအားထားပြုနိုင်မည့် ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ် ကျောင်းသားလူငယ်များ ပေါ်ထွန်းလာရေးကို ရည်ရွယ်လျက် ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းစဉ်များကို ပညာသင်နှစ်အလိုက် ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးမျိုးညွန့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီခွဲတွင် ကမာရွတ်မြို့နယ်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုပြပွဲကို ကြည့်ရှုအားပေးသည်။

ဒဂုံ အမက(၁၀)

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉နာရီခွဲတွင် ဒဂုံမြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး မြတ်ပညာခန်းမ၌ ပြသထားသော ပရဆေးပင်များပြကွက်၊ သတင်းမှတ်တမ်းနှင့် ပညာပေးဆောင်းပါး ပြကွက်၊ ကျောင်းလှုပ်ရှားမှုမှတ်တမ်းပြကွက်၊ ကျောင်းကျန်းမာရေးပြကွက်၊ အစာအုပ်စုသုံးမျိုးပြကွက်တို့ကိုလှည့်လည်ကြည့်ရှုရာ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား၊ ကျောင်းသူများက ရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူ ကလေးများ၏ ကျောင်းကျန်းမာရေးပညာပေး သရုပ်ဖော်ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသော ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြခန်းတွင် ပြသထားသော ပညာပေးနံရံကပ်စာစောင်များ၊ ဆုရပန်းချီပိုစတာများနှင့် ကျောင်းကျန်းမာရေး လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ဩဂုတ် ၉ရက်က ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် ကျောင်းကျန်းမာရေးပြခန်းကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (က-ပ)

မြန်မာနှင့်အေအိုင်အေအသင်းတို့၏လက်ရည်စမ်းပွဲ

သတင်းဆောင်းပါး - ညီညီစိုးညွန့်၊ ဓာတ်ပုံ - စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၉

မြန်မာ-ကနေဒါ နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းများနှင့် ကနေဒါနိုင်ငံ အေအိုင်အေကလပ်အသင်းတို့၏ ချစ်ကြည်ရေး ဘော်လီဘောလက်ရည်စမ်းပွဲများကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ဩဂုတ် ၁၄ရက်နှင့် ၁၆ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အေအိုင်အေအသင်းသည် ပထမပွဲတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့်လည်းကောင်း၊ ဒုတိယပွဲတွင် အဖွဲ့ချုပ်လူငယ်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၆ရက်မှ ၁၀ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် ၁၈၅ စင်တီမီတာအောက် ဘော်လီဘောပြိုင်ပွဲအတွက်လည်းကောင်း၊အဖွဲ့ချုပ်လူငယ် လက်ရွေးစင်အသင်းသည် နိုဝင်ဘာတွင်ကျင်းပမည့် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲအတွက်လည်းကောင်း စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ ၁၈၅ စင်တီမီတာအောက်ပြိုင်ပွဲတွင် ရှစ်နိုင်ငံပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အိမ်ရှင် အင်ဒိုနီးရှား၊ မြန်မာ၊ ရုရှား၊ ဂျော်ဂျီယာ၊ ဘရာဇီး၊ ဂျပန်နှင့် တရုတ်တိုင်ပေတို့ ပါဝင်ပြီး ကျန်တစ်သင်း၏ အမည်ကို မသိရသေးပေ။

အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် အတွေ့အကြုံရှိသော ကစားသမားများဖြင့် ဖွဲ့စည်းထားသောအသင်း ဖြစ်သော်လည်း အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းမှာ အတွေ့အကြုံမရှိသေးဘဲ စံရွှေမောင်တစ်ဦးသာ နိုင်ငံတကာ အတွေ့အကြုံအနည်းငယ်ရှိသည်။

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင် ဦးဆောင်၍ အဖွဲ့ချုပ်မှ တာဝန်ရှိသူများက အမျိုးသား ဘော်လီဘောအသင်းများ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်နိုင်ရေး၊ အမျိုးသမီးဘော်လီဘောအသင်း နိုင်ငံတကာပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မြင့်မားမား ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်ဆွတ်ခူးရေး၊ လက်ရွေးစင်ကစားသမားများ အဆင့်မီမီလေ့ကျင့်နိုင်ရေးနှင့် အနေအထိုင် အစားအသောက် ပြည့်စုံရေးတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိသကဲ့သို့ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

မကြာမီကျင်းပတော့မည့် ချစ်ကြည်ရေးလက်ရည်စမ်းပွဲနှင့် ပတ်သက်၍ ကြေးမုံက အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းများ၏ အဖွဲ့ခေါင်းဆောင် ဦးစိန်သောင်း(အထွေထွေမန်နေဂျာ၊ အေးရှားလ်ဝေါလ် ကုမ္ပဏီလီမိတက်)က ပြောကြားရာတွင် "ယခင်က အေအိုင်အေ ဘောလုံးကလပ်အသင်းသာ မြန်မာနိုင်ငံသို့ လာရောက်ယှဉ်ပြိုင်ဖူးပြီး ဘော်လီဘောအသင်းအနေဖြင့် ပထမဦးဆုံးလာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ ယခုလာမည့်အသင်းတွင် ကနေဒါ လက်ရွေးစင်များကိုလည်း ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုးသိမ်း (ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန)က ပြောကြားရာတွင် "အဖွဲ့ချုပ် လက်ရွေးစင်အသင်းရော လူငယ်လက်ရွေးစင်အသင်းပါ နိုင်ငံတကာပြိုင်ပွဲအသီးသီးအတွက် လေ့ကျင့်နေကြသော အသင်းများဖြစ်ကြောင်း၊ ယခုလို လေ့ကျင့်နေရင်းမှ အေအိုင်အေကစားသမား ပါ၊ မပါကို မသိရသော်လည်း အဆင့်မြင့် ကစားသမားများ ပါဝင်လာမည်ဟုသိရကြောင်း၊ အဖွဲ့ချုပ်လက်ရွေးစင်အသင်းရော၊ လူငယ်အသင်းပါ လေ့ကျင့်မှု သုံးလေးလလောက်ရနေပြီဖြစ်၍ အတိုင်းအတာတစ်ခုထိအားရမိကြောင်း၊ သို့သော် လူငယ်အသင်းမှာ ပွဲအတွေ့အကြုံနည်းသေးကြောင်း၊ ထို့ကြောင့် အတွေ့အကြုံများရအောင် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ ယခုလက်ရည်စမ်းပွဲအပြီးတွင် စခန်းသွင်းလေ့ကျင့်နေသော ကစားသမားအားလုံးကို မိခင်ကလပ်သို့ ပြန်ပို့ပြီး မိုးရာသီဘော်လီဘောပြိုင်ပွဲကို ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲပြီးမှ ကစားသမားများကို ပြန်လည်စခန်းသွင်းပြီး ထိုပြိုင်ပွဲမှ ထူးချွန်သည့် ကစားသမား

အဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်း ဆယ်မမှု လေ့ကျင့်စဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အသင်းက ကမ်းလှမ်းသည့်အတွက် ယခုလက်ရည်စမ်းပွဲ ကျင်းပဖြစ်သွားခြင်းဖြစ်ကြောင်း၊ အေအိုင်အေအသင်းတွင် အဆင့်မြင့်ကစားသမားများပါဝင်လာမည်ဖြစ်၍ ကစားသမားများ အတွေ့အကြုံအသစ်များ ရရှိမည်ဖြစ်ကြောင်း၊ ကနေဒါ လက်ရွေးစင်အသင်းမှာ ယခင်က ဂျပန်၊ ကိုရီးယားအသင်းတို့နှင့် အဆင့်တန်းတူ ရှိခဲ့ကြောင်း။

မိမိအနေဖြင့် နှစ်သင်းစလုံးအပြင်းအထန် လေ့ကျင့်နေကြသော်လည်း လူငယ်အသင်းကို အားမရသေးကြောင်း၊ နိုင်ငံတကာအတွေ့အကြုံမရှိသေး၍ဖြစ်ကြောင်း၊ စံရွှေမောင်တစ်ဦးတည်းသာ ပွဲအတွေ့အကြုံအနည်းငယ်ရှိကြောင်း၊ ကစားသမားများအနေဖြင့် ကြံ့ခိုင်မှုပိုကောင်းလာစေရန် သဲအိတ်အကျီဝတ်ပြီး လေ့ကျင့်စေလျက်ရှိကြောင်း၊ ယခုလက်ရည်စမ်းပွဲသည် ပွဲကောင်းတစ်ပွဲဖြစ်မည်ဟု ထင်မိကြောင်း။

မိမိတို့အဖွဲ့ချုပ်အနေဖြင့် ကစားသမားများကို လေ့ကျင့်ရေးကွင်း၊ အနေအထိုင် အစားအသောက် အပြည့်အစုံထားရှိပေးကြောင်း၊ လေ့ကျင့်ရေးအထောက်အကူပြု ပစ္စည်းများကိုလည်း တပ်ဆင်ပေးထားကြောင်း၊ လူငယ်အသင်းကိုလည်း အရှေ့တောင်အာရှ လူငယ်ပြိုင်ပွဲတွင် ယခင်က အစဉ်အလာကောင်းကို ပြန်လည်ရရှိရန် ကြိုးစားသွားမှာဖြစ်ကြောင်း၊ အမျိုးသမီးအသင်းကိုလည်း ပြန်လည်လေ့ကျင့်ပြီး အမျိုးသားရော အမျိုးသမီးအသင်းပါ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ ယင်းနှစ်သင်းကိုလေ့ကျင့်ပေးရန်ဂျပန်နည်းပြဆရာကို ကမ်းလှမ်းထားကြောင်း" ဖြင့် ပြောကြား သွားသည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်းတွင် ခင်မောင်တိုး၊ ရဲမင်းအောင်၊ ကျော်စွာဝင်း၊ စောဟိန်းသူ၊ ကျော်စိုးအောင်၊ ဖော်လင်းဦး၊တင်ဝင်းအောင်၊ဉာဏ်လင်းအောင်၊ ဝင်းမင်းထွန်း၊ ကျော်ဇင်ဝင်းထွဋ်၊ ကျော်ရွှေနှင့် စိုင်းညီလေး စုစုပေါင်း ၁၂ ဦး ပါဝင်ပြီး နည်းပြချုပ် ဦးညီညီလွင်၊ လက်ထောက်နည်းပြ ဦးသိန်းဆွေတို့က လေ့ကျင့်ပေးလျက်ရှိသည်။

အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းကို နည်းပြချုပ် ဦးစောဟင်နရီ၊ လက်ထောက်နည်းပြ ဦးရဲမြင့်တို့က လေ့ကျင့်ပေးလျက်ရှိပြီး ကစားသမား ၁၂ ဦးမှာ စံရွှေမောင်၊ စိုင်းညီလေး၊ တင်မောင်ထွေး၊ အောင်ကြိုင်၊ သားအို၊ ဇော်ဇော်နောင်၊ ပြည့်ဖြိုးလှိုင်၊ စည်သူထွန်း၊ ကျော်သူရ၊ မောင်မောင်ထွေး၊ ချမ်းငြိမ်းသူနှင့် မြတ်ကျော်ထွန်းတို့ဖြစ်ကြသည်။ ရဲမြင့်မှာ ဒဏ်ရာကြောင့် ယခုလက်ရည်စမ်းပွဲတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်း၌ ပါဝင်ကစားမည် မဟုတ်ဘဲလူငယ်အသင်း၏လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် လူငယ် လက်ရွေးစင်အသင်းတို့သည် ချစ်ကြည်ရေး လက်ရည်စမ်းပွဲအဖြစ် အေအိုင်အေအသင်းနှင့် ဩဂုတ် ၁၄ ရက်နှင့် ၁၆ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ညနေ ၃နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

သာကေတမြို့နယ် အမက(၁၁)တွင် ဩဂုတ် ၉ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းညွန့်နှင့် အလှူရှင် ဦးကျော်တင့်လွင်၊ ဇနီး ဒေါ်ညွန့်ညွန့်လှိုင်၊ သမီးဖြစ်သူ ပထမတန်း(က)မှ မစုရတနာတို့ ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေး လှူဒါန်းကြစဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြည့်ရှုစစ်ဆေး စိုက်ပျိုးပြီးစပါးခင်းများ၌ ငါးမျိုးများစိုက်ထည့် အခမ်းအနားတက်ရောက်

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်သူ၊ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းတို့ လိုက်ပါလျက် ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်သို့ သွားရောက်၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား ဖြည့်ဆည်းပေးသည်။

တက်ရောက်အားပေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဖလုံကံကုန်းကျေးရွာအုပ်စု ကျွန်းချောင်းကျေးရွာ၌ လယ်သမားကြီး ဦးပုသန်း၏ လယ်မြေ ၁၀ ဧကတွင် "စပါးရိက္ခာ၊ ငါးရိက္ခာ၊ ဝမ်းစာမှန်သမျှတိုးထုတ်ကြ"ဟူသည့် ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးပြီး စပါးခင်းများ၌ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဝေငှပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဗိုလ်မှူးချုပ်ကျော်သူနှင့် တာဝန်ရှိသူများက ဒေသခံ တောင်သူလယ်သမားကြီးများအား စိုက်ပျိုးပြီးစပါးခင်းများတွင် ငါးမျိုးများစိုက်ထည့် မွေးမြူနိုင်ရန် တီလားဗီးယား၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနှင့် လယ်ငါးခူအစရှိသည့် ငါးမျိုးများကိုဝေငှပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဗိုလ်မှူးချုပ်ကျော်သူနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးပြီး စပါးခင်းများတွင် ငါးမျိုးများ စိုက်ထည့်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံ တောင်သူလယ်သမားကြီးများကစိုက်ပျိုးပြီး စပါးဧက ၇၀တွင် ငါးမျိုးကောင်ရေ ၃၅၀၀၀ စိုက်ထည့်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တိုက်ကြီးမြို့နယ်အတွင်း စပါး ဧက ၁၀၀၀ တွင် တီလားဗီးယား၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ လယ်ငါးခူ အစရှိသည့် ငါးမျိုးကောင်ရေ စုစုပေါင်း ငါးသိန်း စိုက်ထည့်ပြီး ဖြစ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် တိုက်ကြီးမြို့နယ်အတွင်း စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းနေသည့် စပါးခင်းများကို ရန်ကုန်-ပြည်လမ်းမကြီး တစ်လျှောက် မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် အဖျောက်မြို့ ဧရာဝတီမြစ်ကမ်းတစ်လျှောက် တာများ၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအစပ် တိုက်ကြီးမြို့နယ် ကြွေရဂံချောင်းကျေးရွာအနီး၌ ကမ်းပတ်တာများရေမကျော်စေရန် ကြိုတင်ကာကွယ်မှု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးချုပ်ထိန်ဝင်းက ဧရာဝတီမြစ်ရေကြီးချိန်တွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအစပ် ချောင်းကြီးကျေးရွာနှင့် ကြွေပုဂံချောင်းကျေးရွာအကြား အရှည်ပေ ၅၄၀၀ ရှိ ကမ်းပတ်တာကို တိုက်ကြီး တပ်နယ်ရှိ တပ်မတော်သားများနှင့် ဒေသခံပြည်သူများက တာဖို့ခြင်းလုပ်ငန်းနှင့် သဲအိတ်ချခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် စိုက်ပျိုးပြီး စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးစဉ်။ (ရကတ)

ကချင်ပြည်နယ် မြစ်ရေကြီးမှုအတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် ဩဂုတ် ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဘုရင့်နောင်လမ်း ခြံအမှတ်(၄၄)နေ ဦးကျန်ပေါ (MINGALAR SAWANDI COMPANY LIMITED)က ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် မြစ်ရေကြီးမှုအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ဩဂုတ် ၆ ရက် နံနက် ၁၀နာရီတွင် မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်း စွယ်တော်မြတ်စေတီအနီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်ပေးအပ် လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

မှတ်တမ်းလွှာပေးအပ်

အခမ်းအနားတွင် အလှူရှင် ဦးကျန်ပေါက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေများကို ပေးအပ်ရာ ဝန်ကြီးက လက်ခံ၍ **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်အောင် ဌာနဆိုင်ရာလုပ်ငန်းများ လှည့်လည်စစ်ဆေး

ရန်ကုန် ဩဂုတ် ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂ ရက်တွင် မကွေးမြို့သို့ ရောက်ရှိပြီး ဌာနဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်း/ခရိုင်/မြို့နယ် ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာရေး၊ နိုင်ငံသားဥပဒေ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသား အရည်အချင်းနှင့် ကိုက်ညီသူများကို အချိန်နှင့်တစ်ပြေးညီ ကြန့်ကြာမှု မရှိစေဘဲ ထုတ်ပေးရေးတို့ကို ရှင်းလင်းမှာကြားပြီး တိုင်းဦးစီးဌာနမှူး ဦးချို့ထွန်း၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက် မှာကြားသည်။

— မှာကြား —

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၃ရက်တွင် နတ်မောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကာ ဌာနဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

— ကြည့်ရှုစစ်ဆေး —

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၄ရက်တွင် ရေနံချောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၅ ရက်တွင် ပြည်မြို့သို့ရောက်ရှိပြီး ပဲခူးတိုင်း(အနောက်ပိုင်း) ဦးစီးမှူးရုံးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ပြည်မြို့မှတစ်ဆင့် ပြန်လည်ထွက်ခွာပြီး လမ်းခရီး၌ သာယာဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ ဝင်ရောက်စစ်ဆေးပြီး ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ (သတင်းစဉ်)

မချမ်းဘောဈေးအတွင်း သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၉

မချမ်းဘောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၂၅ ရက်က ဦးစိုင်းရဲဝင်းနိုင် (အငယ်တန်း အင်ဂျင်နီယာ-၃)ဦးဆောင်၍ မချမ်းဘောမြို့ မြို့မဈေးအတွင်း အဖွဲ့ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများဖြင့် ဈေးအတွင်း၊ အပြင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲလင်းအောင်တို့ ကြီးကြပ်၍ မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၃ ရက်က အောင်မင်္ဂလာလမ်းတစ်လျှောက် ရေမြောင်းများ ဆယ်ယူခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)



ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်တွင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနက အမှူးပြုသော စာချစာသင် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အသက် ၇၅ နှစ်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၅ရက် မွန်းလွဲ ၁ နာရီတွင် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကျောင်းတိုက်ဆရာတော်၊ ဦးမောင်မောင် ဖုန်း-၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း-၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း-၂၈၇၅၇၆၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း- ၅၂၄၈၄၀၊ ဦးကံဦး ဖုန်း-၆၆၆၉၂၃၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း-၃၈၂၄၄၁ တို့နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

L-G ဖလားပြိုင်ပွဲဝင်ရန် မြန်မာအသင်းလေ့ကျင့် ပဏာမလက်ရွေးစင် ၂၃ဦး ရွေးချယ်ထား

ရန်ကုန် ဩဂုတ် ၉

ဗီယက်နမ်နိုင်ငံတွင် မကြာမီကျင်းပတော့မည့် L-G ဖလားဘောလုံးပြိုင်ပွဲအတွက် စခန်းဝင် လေ့ကျင့်လျက်ရှိသော ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးသမားများအနက်မှ ၂၃ဦးကို ထပ်မံစိစစ်ရွေးချယ်လိုက်ပြီဖြစ်သည်။

ပဏာမရွေးချယ်ထားသောလက်ရွေးစင် ဘောလုံးသမားများအနက်မှ ခြောက်ဦးကို မိခင်ကလပ်သို့ ပြန်ပို့လိုက်ပြီး အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းမှ ဝင်းမင်းထွဋ်ကို ထပ်မံအားဖြည့် ရွေးချယ်လိုက်သဖြင့် ယခုအခါ ပဏာမလက်ရွေးစင်၂၃ဦးဖြင့်ဆက်လက်လေ့ကျင့်လျက်ရှိသည်။အပြီးသတ်ကစားသမား ၁၈ဦးကို ပြိုင်ပွဲနီးမှ ထပ်မံရွေးချယ်မည်ဟုသိရသည်။

သူတို့ပါဝင်

လေ့ကျင့်ပေးလျက်ရှိသာ ပဏာမကစားသမား ၂၃ဦးမှာ ဂိုးသမား-အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ကျော်မင်းလှိုင်(စွမ်းအင်)၊ ထွန်းထွန်းလင်း (မြို့တော်စည်ပင်)၊ နောက်တန်း-မင်းသူ(စီးပွား/ကူးသန်း)၊စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင်(စွမ်းအင်) အောင်ဝင်းနိုင်(မြို့တော်စည်ပင်)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ မိုးကျော်သူ (ဘဏ္ဍာ/အခွန်)၊ အောင်ကျော်မိုး(၂) (စွမ်းအင်)၊ ဝင်းမင်းထွဋ် (ပို့ဆောင်ရေး)၊ အလယ်တန်း-ဇော်ဇော်(မြို့တော်စည်ပင်)၊ အောင်ကျော်မိုး(၁) (ဘဏ္ဍာ/အခွန်)၊ စန်းမောင်(ကာကွယ်ရေး)၊ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ မောင်မောင်အောင် (ကာကွယ်ရေး)၊ မျိုးမင်းထွန်း(စီးပွား/ကူးသန်း)၊ မာလ (စီးပွား/ကူးသန်း)၊ ရှေ့တန်း-ရန်ပိုင် (ဘဏ္ဍာ/အခွန်)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ ထွန်းမင်းဦး (ကမ္ဘောဇ)နှင့် နိုင်ဝင်း(စွမ်းအင်)တို့ ဖြစ်ကြသည်။

မိခင်ကလပ်သို့ ပြန်ပို့လိုက်သော ကစားသမားများမှာ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ ဇော်လင်းထွန်း(စီးပွား/ကူးသန်း)၊ ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ ကျော်ဇင်ဝင်း (စီးပွား/ကူးသန်း)၊ ထွန်းမင်းနိုင်(ကာကွယ်ရေး)နှင့် ကျော်ဇေယျာမင်း (ပို့ဆောင်ရေး)တို့ ဖြစ်ကြသည်။

လေ့ကျင့်ပေး

အဆိုပါအသင်းကို နည်းပြချုပ် ဦးတင်ဟန်၊ လက်ထောက်နည်းပြ ဦးကြည်လွင်နှင့် ဦးတင်မြင့်အောင်၊ ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦးတို့က လေ့ကျင့်ပေးလျက်ရှိသည်။

L-G ဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ကြေးမုံ)

L-G ဖလားဘောလုံးပြိုင်ပွဲဝင်ရန် ရွေးချယ်ထားသည့် ပဏာမ မြန်မာ့လက်ရွေးစင်ဘောအသင်း လေ့ကျင့်စဉ်။ (ကြေးမုံ)

မအူပင်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၉

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့တွင် သီတင်းသုံး ကျောင်းထိုင်လျက်ရှိသော မအူပင်မြို့နယ်ဖွား ပဓာန နာယက ဆရာတော်ကြီး ၁၈ပါးတို့အား ဩဂုတ် ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ် အနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ၊ အသင်းမဝင်ရသေးသည့် မအူပင်မြို့နယ်သူ၊ မြို့နယ်သားများသည် သင်္ကန်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌဦးစိုးဝင်း ဖုန်း-၂၄၆၄၅၁၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းကြွယ် ဖုန်း- ၅၃၈၅၁၂၊ အတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၀၅၉၇၄၊ ၅၂၇၁၈၂နှင့် အမှုဆောင်များဖြစ်ကြသည့် ဦးစိန်မြင့် ဖုန်း-၅၆၅၅၇၀၊ ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ ဦးထိုက်စီ ဖုန်း-၀၉၅၀၀၀၈၆၂၊ ဦးရန်ဝင်း ဖုန်း-၀၉-၉၉၂၂၁၄၀နှင့် ဦးအောင်ကြည် ဖုန်း-၅၆၅၉၈၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

တင်းနစ် Junior World Ranking ပြိုင်ပွဲ သိမ်ဖြူတင်းနစ်ကွင်းတွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

တင်းနစ်Junior World Ranking ပြိုင်ပွဲကို အောက်တိုဘာ ၂၅ရက်မှ ၃၁ရက်အထိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ လူရွေးပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်လိုသော အသက်(၁၈)နှစ်အောက် တင်းနစ်အားကစား မောင်/မယ်များသည် သိမ်ဖြူတင်းနစ်စင်တာသို့ လည်းကောင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့လည်းကောင်း ဩဂုတ် ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထားစာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ကုဏ္ဍပါလအား အမှူးထား၍ ရန်ကုန်ရောက် ရမ်းဗြဲဇာတိဖွား ကျောင်းထိုင်ဆရာတော်များအား ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)မှ ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက်က ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပစဉ်။ (က-ပ)

ဂျီပီအက်စ်ကိုင်တွယ်အသုံးချနည်း သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် ပြည်နယ်/တိုင်း မြေစာရင်း ဦးစီးဌာနအသီးသီးသို့ ဌာနဆိုင်ရာလုပ်ငန်းများ အထောက်အကူပြုတိုင်းတာနိုင်မည့် လက်ကိုင်အလို အလျောက် တည်နေရာပြတိုင်းတာကိရိယာ(GPS)များဖြန့်ဝေ၍ အသုံးချဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ လက်ကိုင်(GPS)များ လက်တွေ့ အသုံးချနည်းကို စာတွေ့ လက်တွေ့သင်ကြားနိုင်ရန် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် Suntac Technologies Co.,တို့ ပူးတွဲဖွင့်လှစ်သော သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားတွင် Suntac Technologies Co., မှ အထွေထွေမန်နေဂျာ ဦးတင်မြင့်က ကုမ္ပဏီ၏ ခေတ်မီနည်းပညာများ အသုံးချမှုအခြေအနေ၊ Instruments နှင့် Software များအကြောင်း မိတ်ဆက်ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

ရွှေရတုနှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရေးအလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၉

မွန်ပြည်နယ် ချောင်းဆုံမြို့ မင်းကျောင်း ပရိဝုဏ်အတွင်း၌ ငွေကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် ရွှေရတုနှစ်ထပ် ကျောင်းဆောင်အတွက် အလှူငွေ ပေးအပ်ပွဲကို ဩဂုတ် ၃ရက်တွင် အဆိုပါ မင်းကျောင်း၌ကျင်းပရာ ရွှေရတု နှစ်ထပ်ကျောင်းဆောင်သစ် မထေရ်ကြီးများနားနေဆောင် အပေါ်ထပ်ခြောက်ခန်းအတွက် ချောင်းဆုံမြို့နေ ဦးတိုးလွင်-ဒေါ်အေးအေးမော် မိသားစု၊ ဒေါ်ကျင်မြိုင်မိသားစု၊ ဒေါ်ပန်းမေမိသားစု၊ မော်လမြိုင်မြို့နေ ဒေါ်လှရှင် မိသားစု၊ ဦးသန့်ဇင် မိသားစုနှင့် ဦးအောင်မြင့်-ဒေါ်မြခန့် မိသားစုတို့က ငွေကျပ် ခြောက်သိန်းစီ စုစုပေါင်း ငွေကျပ် ၃၆ သိန်းကို ပေးအပ်လှူဒါန်းကြပြီး ရွှေရတု နှစ်ထပ်ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းကြည်နှင့် အတွင်းရေးမှူး ဦးမောင်ဝင်းတို့က လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဦးမောင်မောင်အားရည်စူး၍ အမှတ်(၂) ခတ္တာလမ်း သီရိခေမာရပ်ကွက် စမ်းချောင်းမြို့နယ်နေ ဇနီး ဒေါ်ခင်တီတီ၊ သမီးကြီး မခင်မြတ်မြတ်အောင်(အလိမ္မာ)၊ သား ရန်လင်းမောင်၊ သမီးငယ် မသဲသဲဇလပ်ဖြူမောင် မိသားစုက ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို ဩဂုတ် ၉ရက်က လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် (၂)ရပ်ကွက် ခရေလမ်း အမှတ်(၃၁/၉၃)နေ ဒုတိယစာရင်းစစ်ချုပ်(ငြိမ်း) ဦးခင်ဝင်း မိသားစုများ ကိုယ်စား ဦးသန်းမြင့်(ညွှန်ကြားရေးမှူး၊ ကကငွေ)က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ဇူလိုင် ၂၆ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးမြစ်ရေခိုးရိမ်ရေမှတ်ရောက်နိုင် စစ်တောင်းမြစ်ရေခိုးရိမ်ရေမှတ်ကျော်

ရန်ကုန် ဩဂုတ် ၉

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့ မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ၃၀စင်တီမီတာ (တစ်ပေခန့်)မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် ၉၁၀စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့် စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်သည်။

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဩဂုတ် ၉

၂၀၀၄ခုနှစ် ဩဂုတ်လ ၈ရက်နေ့ မြန်မာစံတော်ချိန် ၁၉နာရီ ၁၆မိနစ် ၃၆စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ မြောက်ဘက်၂၀၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

တောင်ကြီးအသင်း(ရန်ကုန်)
သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ကြီးအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ၂၂–၈–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်၏သားသမီးများ၊ အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင်၏ မိဘဘိုးဘွားများ ၁၅–၈–၂၀၀၄ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်နှင့် အသင်းဝင် မိသားစုများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း– ၆၆၂၇၃၂၊ ၆၆၂၇၅၀၊ ၇၂၂၁၈၆၊ ၇၂၈၇၀၂

အမှုဆောင်အဖွဲ့။

THAMES Management Centre

- Diploma in Business Administration
- Diploma in Marketing & Public Relations
- General Business Management
- Marketing Management

15% Early Bird Discount By August 22nd

THAMES Yangon- 296829, 200343, 203188
THAMES Mandalay MICT Park- 89402, 89403

INFORMATICS COMPUTER CENTRE

Congratulation Fresh BEHS Graduates!

- Diploma in Computer Studies
- Diploma in Info-Comm Technology

Deadline

IT-Training
+ Basic Information Technology
+ Office XP, Applied Network
+ DTP (Desktop Publishing)
+ PC Upgrade & Maintenance
+ Graphic Design, Web Design
+ C & C++, Visual Basic, Java
+ AutoCAD, Accpac & UDS

2nd fl, Bargayar Rd., Myaynigone Plaza, Sanchaung. Ph: 525971, 706740
220/222, Botataung Pagoda Rd, Pazundaung. Ph: 200343, 203188, 296829
70 (B), Shwegondine Rd (Near Junction), Bahan. Ph: 558360

THREE FRIENDS CO., LTD
CONSTRUCTION & DECORATION

- Wall Covering
- Modern Furniture
- (PAE, Supervision)

Ph : 01-201121, 294864

သာသနာ့သန့်ရှင်းရေး(ခေါ်)သာသနပိဿောဓနီ

The VOICE သတင်းဂျာနယ်

တောင်ပြုံးပွဲ ရွှေအိုးစည် ခရီးစဉ်များ

- * တောင်ပြုံးပွဲညအိပ်နှင့် ကိုးမြို့နန်း (၄)ရက် – စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် ပါလျှင် (၆) ရက်
- * ရွှေလီ၊ မူဆယ်၊ လားရှိုး၊ ပြင်ဦးလွင်၊ မန္တလေး(တောင်ပြုံးပွဲ) (၁၀)ရက်
- * ပုဂံ၊ ပုပ္ပား၊ ကျောင်းတော်ရာ (၅)ရက်နှင့် မန္တလေး၊ တောင်ပြုံးပွဲ၊ မုံရွာ၊ စစ်ကိုင်း၊ ပြင်ဦးလွင်ပါ (၉)ရက်– တောင်ကြီး၊ အင်းလေး၊ မွေတော်ကက္ကူ ပါလျှင် (၁၂)ရက်

တောင်ပြုံးပွဲတော်ခရီး လက်မှတ်ဝယ်ယူနိုင်ပါပြီ။

၁၂၄၊ ပန်းဆိုးတန်း(အထက်)လမ်း၊ မီးပွိုင့်အနီး၊ ဖုန်း–၃၇၃၂၇၅၊ ၇၀၈၃၄၂
၁၃၊ ရန်ကုန်–အင်းစိန်လမ်း၊ ဘာတာဈေးရှေ့၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

Dr. Tin Latt
MANAGEMENT & ACCOUNTANCY TRAINING LTD
(ACCA Registered College)
No. 165, Shwebontha Street, Pabedan Tsp, Yangon, Myanmar.

LCCI Computerised Accounting System နှင့် Manual Accounting System

LCCI Level II (GCCA) | LCCI Level III (D.Comp.Acc)

Phone : 242431, 241713. E.mail Drtinlatt@mat.com.mm

ဆရာကြီးအရုဏ်ဆရာဇေအောင်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၉–၈–၂၀၀၄)

ကျောက်ဖြူ
၇ ဒသမ ၁၃ လက်မ
ခေါင်းတူ
၄ ဒသမ ၀၆ လက်မ
ထားဝယ်
၃ ဒသမ ၉၄ လက်မ
ဟသ်ာတ
၃ ဒသမ ၈၂ လက်မ
သံတွဲ
၃ ဒသမ ၆၂ လက်မ
ဘားအံ
၃ ဒသမ ၄၆ လက်မ
စစ်တွေ
၃ ဒသမ ၄၃ လက်မ
ပျဉ်းမနား
၂ ဒသမ ၄၈ လက်မ

ရန်ကုန်မိုးရေချိန်

(၉–၈–၂၀၀၄)

ကမ္ဘာအေး	– ၀ ဒသမ ၁၂ လက်မ
ရန်ကုန်မြို့လယ်	– ၀ ဒသမ ၀၄ လက်မ
မင်္ဂလာဒုံ	– ၀ ဒသမ ၀၄ လက်မ

အမှတ်(၁၇)၊ ၁၅၇လမ်း တာမွေကြီး(က+ဂ)ရပ်ကွက် တာမွေမြို့နယ်ရှိမြေနှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊လမ်း(၁၄၀)၊ အိမ်အမှတ် (၁၀)နေ အဆောက်အအုံ ကန်ထရိုက်တာ ဦးငွေစိုး (M.C.E.A 1082) [၁၂/တမန(နိုင်) ၀၈၁၆၃၀]သည် အထက်ပါ အမှတ် (၁၇)၊ ၁၅၇လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်ရှိ မြေပေါ်တွင် (၂)ခန်းတွဲ ၈–ထပ်တိုက် RCအဆောက်အအုံတစ်လုံး ဆောက်လုပ်ရန် မြေရှင်အမည်ပေါက် ဒေါ်မြကြည်နှင့် ၁၂–၂–၂၀၀၄နေ့တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ကန်ထရိုက်တာ ဦးငွေစိုးမှ လိုအပ်သော ခွင့်ပြုမိန့် စာရွက်စာတမ်းများဆောင်ရွက်နေစဉ် မြေရှင်ဖြစ်သူ ဒေါ်မြကြည်ကွယ်လွန်သွားသည်ကို ၂၂–၇–၂၀၀၄နေ့တွင် သိရှိရပါသည်။

ဒေါ်မြကြည် ကွယ်လွန်သွားသဖြင့် ၎င်း၏ တရားဝင် အမွေဆက်ခံခွင့်ရှိသူများနှင့် ကန်ထရိုက်တာ ဦးငွေစိုးတို့ မူလသဘောတူညီချက်အတိုင်း အဆောက်အအုံကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်၍ ကန်ထရိုက်တာ ဦးငွေစိုး၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း တစ်နည်းတစ်ဖုံပြောင်းလွှဲခြင်းများ မပြုလုပ်ရန် ခွင့်မပြုပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးငွေစိုး
Top Brother ဆောက်လုပ်ရေး
အဆောက်အအုံ ကန်ထရိုက်တာ
Ph : 299526

တစ်နံ့ကို ဆယ်ပြည်ထွက်တယ် ဖြိုးအက်လို့သီး

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ညည်းစိုက်တဲ့ ကောက်သွယ်ငယ်
မှန်းဘယ်မျှကြီး၊
ဟော ကြည့်စမ်းမွှန်
တစ်နံ့ကို ဆယ်ပြည်ထွက်တယ်
ဖြိုးအက်လို့သီး။ ။

(ကျေးလက်တေးသံ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကား ပြောကြားစဉ်။

“သန္တေတောထွက်၊ ဓမ္မစက်၊ နှုတ်မြွက်သံချို၊ လဝါဆို” ဟူသော ဆိုရိုးစကား မော်ကွန်းတင်ထားလျက်ရှိသည်။ ယင်းအဆိုကြောင့်ပင် မြန်မာ့ရှေးရိုးအစဉ်အလာအရ ရာသီတစ်ဆယ့်နှစ်လအတွင်း အထင်အလင်းပါရှိသော ဝါဆိုလကို မြင့်မြတ်လဟု မှတ်ယူထားရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ စုံဆယ်ဖြာ လက်အုပ်မိုး၍ ရှိခိုးပူဇော်ကြသော သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်ဘုရား၏ ဘဝဖြစ်တော်စဉ်နှင့် ဤဝါဆိုလမှာ ဆက်စပ်လျက်ရှိသောကြောင့်ပင်တည်း။

ဗုဒ္ဓဘာသာဝင်တို့အတွက် ဝါဆိုလသည် ထူးခြားသော လဖြစ်သည်။ ဗုဒ္ဓဘုရားရှင် ပဋိသန္ဓေတည်နေသော လ၊ လောကီလူမှုကိစ္စများမှ ကင်းဝေးရာအဖြစ် တောထွက်၍ တရားရှာသောလ၊ ပဥ္စဝဂ္ဂီငါးဦးအား တရားထူးဖြစ်သော ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသောလသည် ဝါဆိုလပင်ဖြစ်သည်။

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး ရက်ပေါင်း ခြောက်ဆယ်အကြာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့ ညနေခင်း နေဝင်ဆည်းဆာအချိန်တွင် ဗာရာဏသီ မိဂဒါဝုန်အရပ်၌ ဓမ္မစကြာ တရားဦး၊ တရားထူး၊ တရားမြတ်ကို ဟောကြားတော်မူခဲ့သည်။

“ဝါဆိုလပြောင်း မိကျောင်းဖွေးဖွေး၊ မိုးအေးအေး”ဟု မိုးလက်ဏာအဆိုရှိပါသည်။ ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဆိုသကဲ့သို့ ဝါဆိုလ၌ မြစ်ချောင်း၊ အင်းအိုင်တို့ ရေပြည့်သော ကာလဖြစ်သည်။ ထို့ပြင် ဝါဆိုလသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တွင်ကျယ်သောလဖြစ်သည်။ စပါးပင်များ ရှင်သန်အားကောင်းသည့် အချိန်ဖြစ်၍ ယင်းတို့ကို ပျိုးနုတ်ပြီး စနစ်တကျပြန်လည်ကောက်စိုက်သော အချိန်ကာလဖြစ်သည်။ ဝါဆိုလ၌ မြန်မာ့လယ်ယာမြေ တစ်ခွင်လုံး ကောက်စိုက်သမတို့၏ တေးသံဖြင့် စိုပြည်စည်ကားနေပေသည်။

ဝါဆိုလသည် ဘာသာရေးအရ အရေးပါသောလဖြစ်သကဲ့သို့ လယ်ယာစိုက်ပျိုးရေးအတွက် အင်နှင့် အားနှင့် အရှိန်ယူ လုပ်ကိုင်ရသောလဖြစ်ပေသည်။ ဝါဆိုလတွင် ကျေးလက်ပြည်သူတို့ တေးသံများ လယ်ယာမြေအနှံ့ ဆွတ်ပျံ့ဝေစည်နေသည်။ လယ်ယာလုပ်ငန်း အောင်မြင်တိုးတက်မှ တိုင်းပြည်၏ ရိက္ခာဖူလုံ၍ စီးပွားတိုးတက်မည်ဖြစ်သည်။ လမြတ်ဝါဆိုကား လောကီ- လောကုတ္တရာနှစ်ဖြာသော အကျိုးကိုဆောင်သောလဖြစ်ပေသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီတွင် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအနီးရှိ ဘုရားငုတ်တိုစိုက်ပျိုးရေးပညာပေးစခန်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ တက်ရောက် အားပေးကြသည်။

အခမ်းအနားသို့ အမှတ် (၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားကြီးများ၊ အိုးစည်ဒိုးပတ်အဖွဲ့ဝင်များ၊ စပါးတိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်လယ်သမားကြီးများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနကလည်း စိုက်ပျိုးပြီးသော စပါးခင်းများတွင် စပါးက ရွှေ၊ ငါးက ငွေ ဆောင်ပုဒ် အတိုင်း ရွှေဝါငါးကြင်း၊ တီလားပီးယားနှင့် ငါးခုံးမ အစ ရှိသည့် ငါးမျိုးကောင်ရေ ၂၅၀၀၀၀ ကို စပါးစိုက်ဧက ၅၀၀ တွင် ငါးမျိုးများ စိုက်ထည့်ပေးကြောင်း သိရှိရသည်။

ဆုချီးမြှင့်

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်မင်းက ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။

ပန်းတိုင်အထွက်နှုန်းရရှိသည့် စပါးမျိုးများကို တစ်နံ့မှ တစ်ကွင်း၊ တစ်ကွင်းမှ တစ်နိုင်ငံခေါင်နံ့ဖြင့် တစ်ပိုင်တစ်နိုင် မျိုးသန့်များ ပွားများစိုက်ပျိုးနေသည့် နည်းစနစ်များကို လည်းကောင်း၊ ပင်ပွားများရရှိစေရန် ခေတ်သစ်ပေါင် ပျိုးထောင်နည်းစနစ်ဖြင့် ပျိုးထောင်၍ အလွယ်တကူ ပြောင်းရွှေ့စိုက်ပျိုးသည့်နည်းစနစ်ကိုလည်းကောင်း၊ စပါးအထွက်နှုန်းကိုစိုးမိုးနေသည့် မိတ်ဖက်အချက်များအား စံချိန်ပြည့်မီအောင်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးနည်းစနစ်များကို လည်းကောင်း၊ စပါးပင်တွင်ကျရောက်တတ်သည့် ပိုးမွှားနှင့် ရောဂါများအားစနစ်တကျ ကာကွယ်နှိမ်နင်းရမည့် လုပ်ငန်းအဆင့်များကို လည်းကောင်း လက်တွေ့ပြသထားမှုများကို စာရေးသူတို့ လေ့လာတွေ့ရှိခဲ့ပါသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မိုးစပါးဧက ၇၉၆၅၀၀ စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ယနေ့အထိဧက ၇၈၆၇၂၀ စိုက်ပျိုးပြီးဖြစ်သည့်အတွက် ၉၈ ဒသမ ၇၇ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့သည်။ ရေတော်၊ မိုးတော်မိုးစပါး ၆၁၇၂၅၅ ဧက စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ရာခိုင်နှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီး ထွန်တုံးပိတ်နိုင်ကာ ကျန်သည့် ရေကျနောက်စိုက်စပါးများကို ဆက်လက်စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၄-၂၀၀၅ ခုနှစ် ခရိုင်အဆင့် စပါးအတန်းလိုက် တိုက်ရိုက် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကိုလည်း ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားခဲ့သည်။

“ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေးသည် လယ်ယာကဏ္ဍကိုအခြေခံသည့် စီးပွားရေးစနစ်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် စပါးပိုလျှံထွက်ရှိရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန်ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဓိကသီးနှံ ၁၀ မျိုးကို ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ကာ သတ်မှတ်ထားသည့် အထွက်နှုန်းများရရှိရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် အသုံးချစိုက်ပျိုးကြရေး လမ်းညွှန်မှာကြားထားကြောင်း” ဟူ၍ တိုင်းမှူးကပြောကြားသွားသည်။

ထိုနေ့က ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနကလည်း စိုက်ပျိုးပြီးစပါးခင်းများအတွင်း “မြေမှာစပါး၊ ရေမှာငါး၊ စိုက်မွေးအားထားပြည့်စီးပွား” ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြေကွက်လပ်မကျန် စပါးစိုက်ပြီး စိုက်ပြီးစပါးခင်းထဲရှိရေတွင် ငါးမွေးသည့်စနစ် အကောင်အထည်ဖော်ရန်အတွက် ဧက ၂၀၀ တွင်တီလားပီးယားနှင့် ငါးခုံးမငါးအကောင် တစ်သိန်းကိုစိုက်ထည့်ပေးခဲ့သည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တွင် ၂၀၀၃-၂၀၀၄ ခုနှစ်က မိုးစပါးကို ၃၆၁၁၇၆ ဧက စိုက်ပျိုး၍ တစ်ဧကစပါး အထွက်နှုန်း ၆၁ ဒသမ ၈၃ တင်းနှုန်းထွက်ရှိခဲ့သည်။ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးဧက ၃၇၅၀၀၀ စိုက်ပျိုးပြီး တစ်ဧကအထွက်နှုန်း ၆၉ ဒသမ ၀၁ တင်းနှုန်းထွက်ရှိရန် ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြောက်ပိုင်းခရိုင်မှာ ရှိသည့် ရေတော်မိုးတော် မိုးစပါးစိုက်ပျိုးဧက ၂၃၀၀၀၀ ကျော်အား စိုက်ပျိုးကွင်းပိတ်ခဲ့ရာ မိုးစပါးဧက ၆၂ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေကြောင်း သိရှိရသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ထုတ်လုပ်ခဲ့သည့် စပါးမျိုးကောင်းမျိုးသန့်များကို ယှဉ်ပြိုင်စိုက်ပျိုးထားသော စမ်းသပ်ကွက်များ ပြသခြင်း၊ တောင်သူများကိုယ်တိုင် “ကိုယ့်မျိုးကိုယ်ထား မျိုးသန့်ပွားများခြင်း၊” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တနိုင်တပိုင် “စပါးနံ့ကောက်စနစ်” ဖြင့် မျိုးသန့်ပွားများခြင်း၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေးအတွက် ပျိုးသက်ငယ်ဖြင့် ပျိုးဝါခြမ်းရအောင်ပျိုးထောင်ပြီး ပင်ပွားများဖြင့် စပါးထွက် များများရစေသည်။ “ခေတ်သစ်စပါးပျိုးထောင်စိုက်ပျိုးနည်းစနစ်” များကိုလည်း စိုက်ပျိုးပြသထားကြောင်း တွေ့ရှိရသည်။ ယင်းသို့ စိုက်ပျိုးရာ၌ ထန်းတပင်မြို့နယ်၏ ရေမြေအခြေအနေအရပင်ကြားအကွာအဝေး မည်မျှထားစိုက်လျှင် အကောင်းဆုံးဖြစ်မည်ဆိုသည်ကိုလည်း စမ်းသပ်စိုက်ပျိုး ပြသထားတာကို တွေ့ခဲ့ရသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ခရိုင်အဆင့် စပါးအတန်းလိုက် တိုက်ရိုက် မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ ကျင်းပစဉ်။

အကုန်အကျသက်သာစေရန် ဓာတ်မြေဩဇာလိုမှသာ ထည့်သွင်းနည်းဖြစ်သည့်အရွက် အရောင်တိုင်းကတ်ဖြင့် တိုင်းတာပြီး ပုလဲမြေဩဇာကျွေးသည့်နည်းလမ်းကိုလည်း ပြသထားသည်။ ထို့အပြင် ဓာတ်မြေဩဇာချည်းမသုံးဘဲ ဒေသထွက် သဘာဝမြေဩဇာများဖြစ်သည့် ကောက်ရိုး၊ ဗေဒါမြေဆွေး ပြုလုပ်ခြင်း၊ အဇိုလာခေါ် ရေကျောက်ခက် မွေးမြူထည့်သွင်းခြင်းများကိုလည်း ပြသထားပါသည်။

စပါးအထွက်နှုန်း တိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ကြသလို ပိုးမွှားရောဂါ ကျရောက်ပါကလည်း ထိရောက်စွာကာကွယ်နိုင်ရန် နည်းလမ်းများကိုလည်း ပြသထားကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်အဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အစုကြီးကျေးရွာအနီးရှိ လယ်မြေ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားကြီးများ၊ စပါးတိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် လယ်သမားကြီးများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်အဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပရာ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိုး၊ ရန်ကုန် မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌ၊ တိုင်း မြေစာရင်းဦးစီးမှူး ဦးကျင်ထွန်း၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းနှင့် တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းတို့က လှိုင်သာယာ၊ အင်းစိန်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ နှင့်တိုက်ကြီးမြို့နယ်များမှ ပြိုင်ပွဲဝင်များအား ပြိုင်ပွဲဝင်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီက ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ဂုဏ်ပြုဆုငွေ ကျပ်နှစ်သောင်းစီ ထပ်ဆင့်ချီးမြှင့်ပေးခဲ့သည်။

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက တတိယဆုရရှိသည့် ထန်းတပင်မြို့နယ်မှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်က ဒုတိယဆုရရှိသည့် လှည်းကူးမြို့နယ်မှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပထမဆုရရှိသည့် မှော်ဘီမြို့နယ်မှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် မြို့နယ်များမှ ပြိုင်ပွဲဝင်များအား Good Brother Co., Ltd က ဂုဏ်ပြုဆုငွေကျပ်သုံးသောင်းစီကို ထပ်ဆင့်ချီးမြှင့်ခဲ့သည်။

၂၀၀၄ ခုနှစ် ဝါဆိုလပြည့်နေ့ ဝန်းကျင်တွင် ဓမ္မတေးသံများဖြင့် ပျံ့လွှင့်လျက်ရှိသကဲ့သို့ မြန်မာ့လယ်ယာမြေများ၌လည်း ကျေးလက်တေးသံများဖြင့် ဝေစည်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ချင်းပြည်နယ်၌ လက်ဖက်ပင်စုပေါင်းစိုက်ပျိုး

ဟားခါး ဇူလိုင် ၂၀

ချင်းပြည်နယ် လက်ဖက်စိုက်ပွဲတော်ကို ချင်းပြည်နယ် ဟားခါးမြို့ ဟားခါး-မတူပီလမ်း ဦးကွေဒွေး၏ မိုးဟိန်းလက်ဖက်စိုက်ခင်း၌ ဇူလိုင် ၃ ရက်က ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လက်ဖက်စိုက်ပွဲတော်သို့ စုစုပေါင်းအင်အား ၃၀၀၀ ကျော်တို့ တက်ရောက်၍ ဦးကွေဒွေး၏ မိုးဟိန်းလက်ဖက်စိုက်ခင်းတွင် လက်ဖက်ပင်ရေ ၃၇၀၀ စိုက်ပျိုးပေးကြသည်။

ထို့အတူ တီးတိန်မြို့နယ် ဆွလိန်ကျေးရွာ ဒေသခံတောင်သူ ဦးထွန်းလွင်နှင့် ဦးဝင်းကြိုင်တို့၏ ရွှေကောင်းစုံမိသားစု လက်ဖက်ခြံ၌ ကျင်းပသော လက်ဖက်စိုက်ပျိုးပွဲတော်သို့ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ တက်ရောက်၍ အမှာစကားပြောကြားပြီး လက်ဖက်ပျိုးပင်များ သတ်မှတ်နေရာတွင် စိုက်ပျိုးရန် ပေးအပ်သည်။ **(ခရိုင်ပြန်/ဆက်)**

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် တာဝန်ရှိသူများ ဇူလိုင်၂၉ရက်က ဂန့်ဂေါမြို့နယ်ကျေးရွာရှိ သပြေပင် ရေရှင်ချောက်ဆည်တမံသို့ ကွင်းဆင်းကြည့်ရှုစဉ်။

(၄၆၅)

မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ကျေးရွာများသို့ ကွင်းဆင်း စိုက်စနစ်နည်းပညာများ ရှင်းလင်းဆွေးနွေး

ဘောလခဲ ဇူလိုင် ၃၁

ကယားပြည်နယ် ဘောလခဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်နှင့် ခရိုင်စိုက်ကြပ်အဖွဲ့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းခရိုင်မန်နေဂျာ ဦးတင်ဝင်းလှိုင်တို့သည် ဇူလိုင် ၁၉ ရက်က မိုင်းထမ်းကျေးရွာအုပ်စုသို့သွားရောက်ပြီးကျေးရွာစပါးစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ဒေသဝမ်းစာဖူလုံရေး၊ စိုက်ဧကလျာထားချက် ပြည့်မီရေးနှင့် တစ်ဧကလျှင် တင်း ၁၅၀ ထွက်ရှိသည့် ရွှေရင်အေး စပါးမျိုးများ စိုက်ပျိုးကြရေးအတွက် ပျိုး၊ စိုက်စနစ်၊ သွင်းအားစုများ ထည့်သွင်း နည်းပညာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရွှေရင်အေးစပါး လေးဧကစိုက်ပျိုးနေသည့် မိုင်းထမ်းကွင်းနှင့် ဝမ်ချယ်ကျေးရွာ တစ်ဧက စိုက်ကွက်သို့ သွားရောက် ကွင်းဆင်းကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်းသိရှိရသည်။

(ခရိုင်ပြန်ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်ညွှန်မှူး ဦးစိုးလွင်၊ အင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေနှင့်အဖွဲ့ ဇူလိုင် ၂၂ရက်က မိုးညိုမြို့နယ် ပျိုးဥယျာဉ်ကို စစ်ဆေးကြည့်ရှုရာ မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်မိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ ကျန်းမာရေးပညာပေး ဟောပြောပွဲများ ကျင်းပ

မူဆယ် သြဂုတ် ၅

မူဆယ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းခိုင်၊ ခရိုင်ပြန်/ဆက်ဦးစီး အရာရှိ ဒေါ်ခင်စန်း၊အထွေထွေရောဂါ အထူးကုသမားတော်ကြီး ဒေါက်တာရဲကျော်စိုးတို့ ဦးဆောင်ပါဝင်သောအဖွဲ့သည် ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက တီးမနုံ ကျေးလက်ဆေးပေးခန်း၌ အဆိုပါ နုံအတွင်းရှိတီးမ၊မန့်ဟိုင်း၊ နားလုံ၊ မန်စန့်၊ ကုန်းဆာ၊ ဖာခမ်း၊ မန်ဟွေ့ ကျေးရွာများရှိ တိုင်းရင်းသားများအား ကွင်းဆင်းကာ ဆေးဝါးများကုသပေးကြသည်။

ထို့နောက် နယ်လှည့်စာကြည့်တိုက်နှင့် ပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ ကျေးလက်စာဖတ်ဝိုင်းများ ဆောင်ရွက်ခြင်း၊ကျန်းမာရေးဟောပြောပွဲများ၊ ဆေးလိပ်မသောက်ရေး ပညာပေးဟောပြောပွဲ၊ ငှက်ဖျားရောဂါအကြောင်းနှင့်တိုင်းရင်းဆေးကုသမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူ အသီးသီးတို့ကဆောင်ရွက်ပေးခဲ့ကြသည်။ အဆိုပါလှုပ်ရှားမှုများအားဇူလိုင် ၂၇ ရက်မှ ဇူလိုင် ၃၁ ရက်ထိ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ရှမ်းချောင်းလေး-ရွာသစ်ကျေးရွာချင်းဆက်လမ်းဂဝံခင်းခြင်း လုပ်ငန်းကို ဇူလိုင် ၁၅ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကြည်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ပညာ့အလင်း စာကြည့်တိုက်ဖွင့်လှစ် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

လားရှိုး သြဂုတ် ၅

လားရှိုးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ကြီးမှူး၍ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်လာရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်က ဝိန်းထန်ကျေးရွာ ပညာ့အလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ပြည်နယ်မှူး ဦးကျော်ညွှန့်တို့၏ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် လားရှိုးခရိုင်ပြန်/ဆက်ရုံး ဦးစီးအရာရှိဦးမောင်မောင်အုန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်မျိုးစုံ ၁၅၀ ကျော် ပေးအပ်လှူဒါန်းခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

တနိုင်းမြို့ သာယာလှပရေးဆောင်ရွက်

တနိုင်း သြဂုတ် ၄

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်း သာယာလှပရေးအတွက် မြို့တွင်း ပန်ဆောင်လီဒိုလမ်းမကြီးဘေး ဝဲ/ယာတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်းကို ဇူလိုင်၂၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနေလင်းတို့က ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ **(ပြည်နယ်စည်ပင်)**

ကိုယ့်အားကိုယ်ကိုး လမ်းဖောက်လုပ်ပြီးစီး

ပေါင် သြဂုတ် ၁

မွန်ပြည်နယ် ပေါင်မြို့နယ် သဲကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး သဲကုန်း-ဖြူဘလမ်းဖောက်လုပ်မှုကို သဲကုန်းကျေးရွာ တိုက်ကျောင်းကြီး ပဓာနနာယက ဆရာတော်နှင့် ရပ်ဝေး၊ ရပ်နီးရှိ ဒါယကာ၊ ဒါယိကာမများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဖောက်လုပ်ခဲ့ရာ ယခုအခါ မြေသားလမ်း ဖောက်လုပ်ပြီးစီးသွားပြီ ဖြစ်သည်။

ထိုမြေသားလမ်း ၁၀ မိုင် ၄ ဖာလုံအရှည်ကို ယခုနှစ် ပွင့်လင်းရာသီတွင် ကျောက်ချောလမ်းအဖြစ် အပြီးခင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်းခင်းနိုင်ရေးအတွက် စေတနာရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၅၈-၇၁၂၂၀ တိုက်ကျောင်းကြီးဆရာတော်ထံ ပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဝါဆိုသင်္ကန်း လှူဒါန်း

မတ္တရာ သြဂုတ် ၁

မန္တလေးတိုင်း မတ္တရာမြို့နယ် ထန်းပင်ကုန်းကျေးရွာ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တ ဝါယမအမှူးပြုသော သံဃာတော် အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၀ ရက်က အဆိုပါကျောင်းတွင်ကျင်းပရာ ထန်းပင်ကုန်းကြားရွာမှ ကိုမြင့်နိုင်၊ မခင်မာဝင်း မိသားစုက ကျောင်းပရိဘောဂဗီရိုတစ်လုံးလှူဒါန်းပြီး ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ (က-ပ)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် အရိပ်ရပင်၊ ပန်းအလှပင်များကို စနေနေ့တိုင်းဝန်ထမ်းများစုပေါင်း၍စိုက်ပျိုးလျက်ရှိရာ ဇူလိုင် ၂၄ရက်က မြောင်းမြမြို့ ဂေါက်ကွင်းနှင့် ဂုန်နီစက်ရုံလမ်းမတစ်လျှောက် စိန်ပန်းပင်၊ ရေတမာပင်နှင့် ရွက်လှပန်းပင်များစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မုတ်သုံဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ဟိုပင် သြဂုတ် ၃

ကချင်ပြည်နယ် ဟိုပင်မြို့ ဂေါက်သီးရိုက်ကွင်း၌ ဇူလိုင် ၂၉ရက် ညနေက မုတ်သုံဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရာ နယ်မြေခံတပ်ရင်းမှူး၊ ဟိုပင်မြို့နယ် ဌာနဆိုင်ရာများနှင့် ဝါသနာရှင်ဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား ဟိုပင်မြို့ဂေါက်သီးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စစ်တွေမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွန်း၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိဦးမြစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့စိမ်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးတို့က စစ်တွေမြို့ ကျားမသောက်ကျေးရွာနှင့် ကျောက်တန်းချေကျေးရွာများတွင် ဇူလိုင်၂၇ရက်က လက်နှိပ်တုံကင်များ၊ အုတ်စီရေတွင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်

ရွှေဦး သြဂုတ် ၇

ရွှေဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲကို မြို့မ ပြည်သူ့အားကစားကွင်းတွင် သြဂုတ် ၁ ရက်ညနေ ၃နာရီက ကျင်းပရာ ရွှေဦးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ဘောလုံးအသင်းပေါင်း ၃၀ တို့က ပါဝင်ယှဉ်ပြိုင်ကြမည်။

ထို့နောက်မြို့နယ် ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက သြဂုတ် ၁ ရက်တွင် စတင်ယှဉ်ပြိုင်မည့် ဓိန့်ဇွန်း ကျေးရွာ ဘောလုံးအသင်းနှင့် ကြို့ထိန်းကျေးရွာ ဘောလုံးအသင်းတို့အား ကွင်းဖွင့်ဘောလုံးပေးအပ်ယှဉ်ပြိုင်စေရာကြို့ထိန်းဘောလုံးအသင်းက ဓိန့်ဇွန်း ကျေးရွာ ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ **(၃၉၀)**

ကူးစက်ရောဂါများမဖြစ်ပွားရေးလိုက်လံစစ်ဆေး

ပုသိမ် သြဂုတ် ၇

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့နေပြည်သူများ အစဉ်ကျန်းမာမှုရှိစေရန်နှင့် အဖွဲ့ပိုင်ဈေးများမှစ၍ ကူးစက်တတ်သောရောဂါများမဖြစ်ပွားစေရန် သတ်မှတ်စည်းကမ်းများနှင့်အညီ ဈေးတည်ခင်းရောင်းချမှု၊ သန့်ရှင်းလတ်ဆတ်သောအသားများရောင်းချမှုနှင့် ယင်လုံဆန်ခါများ အသုံးပြုမှုတို့ကို ဇူလိုင် ၂၈ရက်က အဖွဲ့ရုံးမှ ဒု-ဦးစီးမှူး(ဈေး) ဦးမင်းဇော်နှင့်မြို့နယ်ကျန်းမာရေး ဦးစီးမှူးတို့က ဈေးများအတွင်း လိုက်လံကြပ်မတ် စစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

တောင်ကုတ်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ဦးအောင်ဇေယျလမ်းထိပ် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်က အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဇော်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ရှမ်းချောင်းကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

လှိုင်သာယာ ဇူလိုင် ၂၈

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၊ ရှမ်းချောင်းကျေးရွာအုပ်စု၊ အေးရိပ်ငြိမ်လမ်းမကြီး အခန်းအမှတ်(၇)တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာပေပျိုးခင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက်က ပြုလုပ်သည်။

ဖွင့်လှစ်

အခမ်းအနားကို မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်သန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အခမ်းအနားတွင် ပြန်/ဆက် ဦးစီးမှူးက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်၊ အကျိုးကျေးဇူးတို့ကို ဟောပြောပြီး စာနယ်မဂ္ဂဇင်းအုပ်ရေ ၅၀နှင့် ဂျာနယ်တို့ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းဖွင့်

ချောင်းဆုံ ဇူလိုင် ၁၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်ရေးဆင့်ပွားသင်တန်းကို မြို့နယ်အတွင်း ကျေးရွာများ၌ ဇွန်လအတွင်းက စတင်ကျင်းပသည်။

အဆိုပါ သင်တန်းကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသင်တန်း တက်ရောက်ခဲ့ပြီးသူများကပို့ချပြီး ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျေးရွာနေပြည်သူများအား အပတ်စဉ်၊ လစဉ် ပညာပေးပြသသွားမည်ဖြစ်သည်။

မြို့နယ်အတွင်းရှိ ကျေးရွာ၄၅အုပ်စုတွင်ကျေးရွာအလိုက် ဆင့်ပွား သင်တန်းပို့ချ နေမှုကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(က–ပ)**

ဇူလိုင် ၁၆ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးတင်ချို၊ ဆင်ဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ ဆင်ဘိုမြို့နယ် စည်ပင်အမှုဆောင်အရာရှိ အငယ်တန်းအင်ဂျင်နီယာ–၂ ဦးကျော်လွင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ခံများ၊ ရပ်မိရပ်ဖများနှင့်အတူ ဆင်ဘိုမြို့တွင်းလမ်းများ စနစ်တကျရှိရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

လောင်းလုံ၌ သန့်ရှင်းရေးဆောင်ရွက်

လောင်းလုံ ဇူလိုင် ၂၈

လောင်းလုံမြို့နယ် ကမြောကင်းကျေးရွာရှိ ဗိုလ်မှူးဗထူး ပန်းခြံ၌ အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပန်းခြံ အတွင်း၊ အပြင် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးတင်အုံးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးပြည်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(က–ပ)**

ဇူလိုင် ၁၁ ရက်က ခရမ်းမြို့မရပ်ကွက် ဘုရားလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရာသို့ အမှုဆောင် အရာရှိ ဦးနေမျိုးလင်း၊ တာဝန်ခံ အင်ဂျင်နီယာ ဦးစဖုန်းအောင်နှင့် အဖွဲ့ဝန်ထမ်းများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

ပန်းအလှပင်များစိုက်ပျိုး

ဖန်းမော် ဩဂုတ် ၅

ဖန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဝန်ထမ်းများ၊ ပေါက်ကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ ပူးပေါင်း၍ ဖန်းမော်–မန်စီ လမ်းဘေးဝဲယာ၌ ဇူလိုင် ၂၈ ရက်တွင် ပန်းအလှပင်များကို စိုက်ပျိုးကြသည်။

ပန်းအလှပင်စိုက်ပျိုးခြင်းကို ဖန်းမော်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြသည်။ **(မြို့နယ်/စည်ပင်)**

ပခုက္ကူမြို့နယ် ဖောင်းကွဲကျေးရွာ ရှေ့ဆောင်လူငယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ပခုက္ကူ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေခင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးပြေသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(ခရိုင်ပြန်/ဆက်)

ဦးမောင်မောင်နှင့်အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်အမှတ်(ယခင် ၁၆၉/၁၆၉–အေ/၁၇၁)(ယခု–၃၆၉/၃၇၁)ဟုခေါ်တွင်သည့် အဆောက်အအုံ၏ မြေညီထပ်၊ နှစ်လွှာ၊ အခန်းအမှတ်(၃)နှင့် ပထမထပ်၊ နှစ်လွှာ၊ အခန်းအမှတ်(၆)၊ အလျား ၁၀ပေXအနံ၄၀ပေရှိ တိုက်ခန်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်တို့အမှုသည်ဖြစ်သူ ဒေါ်အမီနာဘီ(ခ) ဒေါ်အမီနာဘီဘီ၏ ဥပဒေနှင့်အညီ တရားဝင်လက်ရှိထားပိုင်ဆိုင် အကျိုးခံစားခွင့်ပိုင်ခွင့်ရှိသော တိုက်ခန်းများဖြစ်၍ ဦးမောင်မောင်သည် အဆိုပါ တိုက်ခန်းများကို တရားဝင်လက်ရှိထားပိုင်ခွင့်ရှိသူမဟုတ်သဖြင့် မိခင်ဖြစ်သူဒေါ်အမီနာဘီ(ခ) ဒေါ်အမီနာဘီဘီက မိမိ၏တိုက်ခန်းဥပစာ၌ မိမိ၏ခွင့်ပြုချက်အရ နေထိုင်သူ ဦးမောင်မောင်အား မိမိ၏တိုက်ခန်းဥပစာမှ အချိန်အခါမရွေး နှင်ထုတ်ဖယ်ရှားပိုင်ခွင့်ရှိခြင်းကြောင့် (မိမိ၏သား)နှင့် ဦးမောင်မောင်နှင့် ပတ်သက်ဆက်နွယ်နေသူအားလုံးတို့ကို တရားဥပဒေနှင့်အညီ နှင်ထုတ်ဖယ်ရှားနိုင်ရန်အတွက် ကျွန်ုပ်တို့အမှုသည်က စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့်အဆိုပါ တိုက်ခန်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့အမှုသည်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ နေထိုင်ခွင့်ပြုခြင်း၊ နေထိုင်ခြင်းတို့ကို ပြုလုပ်ပိုင်ခွင့်မရှိသဖြင့် ယင်းကဲ့သို့ ပြုလုပ်ထားခြင်းနှင့်စပ်လျဉ်းပြီး တရားဥပဒေအရ ထိရောက်စွာ အရေးယူပေးနိုင်ရန် ကျွန်ုပ်တို့အမှုသည်က တိုင်ကြားလျှောက်ထားစွဲဆိုမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ အမှုသည်က မိမိ၏ တိုက်ခန်းဥပစာ၌ သားဖြစ်သူ ဦးမောင်မောင်အားနေထိုင်ခွင့်ပြုထားခြင်းကို ရုပ်သိမ်းလိုက်ပြီး သားဖြစ်သူဦးမောင်မောင်နှင့်တကွ ကျွန်ုပ်တို့အမှုသည်၏ တိုက်ခန်းဥပစာ၌ ဝင်ရောက်ဆိုင်ဖွင့်နေထိုင်သူ အားလုံးတို့သည် ၁၅–၈–၂၀၀၄နေ့ နောက်ဆုံးထား၍ ထွက်ခွာဖယ်ရှားပေးရန် တောင်းဆိုပါသည်။

သို့ဖြစ်ပါ၍ ၂၄–၇–၂၀၀၄ နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၈)တွင် ဖော်ပြပါရှိသော တရားရုံးချုပ်ရှေ့နေ ဦးခင်ညွန့်နှင့် ဒေါ်ရီရီတင်တို့၏ မိတ်ဆွေက အထက်ဖော်ပြပါ ကျွန်ုပ်တို့အမှုသည်၏ တိုက်ခန်းများကို ဝယ်ယူမည်ဆိုခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့အမှုသည်က ပြင်းထန်စွာ ကန့်ကွက်ပါသည်။ ကန့်ကွက်ချက်ကို မလိုက်နာပါက မလိုက်နာသူတို့အား တရားဥပဒေအရ ထိရောက်စွာ အရေးယူပေးနိုင်ရန် ကျွန်ုပ်တို့အမှုသည်က တိုင်ကြားလျှောက်ထားစွဲဆိုမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဇော်ဝင်း	**ဦးခင်မောင်ဦး B.A,H.G.P**	**ဦးတိုက်စိုးအောင် LL.B**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(၄၃၉၇)	**(စဉ်–၃၆၅၈)**	**(စဉ်–၇၁၀၂)**
တိုင်းဦးစီးမှူး(ငြိမ်း)	**တွဲဖက်တိုင်းတရားသူကြီး(အငြိမ်းစား)**	
အမှတ်(၂၃/၂၁)၊	**တိုက်–၄၄၊ အခန်း(၃)၊ မြေညီထပ်၊**	

ဦးဝိစာရအိမ်ရာ၊(ဒဂုံမြို့)။ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။
အိမ်ဖုန်း–၅၆၅၀၄၅။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၅ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လမ်းခင်းကတ္တရာတန် (၂၀၀၀)ကိုပုံးဖြင့်ဖြစ်စေ၊ 3-Ply Poly bag ဖြင့်ဖြစ်စေ ကော်မတီ၏ သိုလှောင်ရုံများအရောက် ကျပ်ငွေဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၅–၈–၂၀၀၄နေ့ (၁၆:၀၀) နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀ိ(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ဥက္ကဋ္ဌ**
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ဦးတော်မီအောင် [၁၂/မရက(နိုင်)၀၁၈၆၅၅]နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ အခန်းအမှတ် (၀၀၁)၊ တိုက်အမှတ်–စီ(၅)နေ ဦးဝင်းကျော် [၁၂/ရကန(နိုင်)၀၅၅၀၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်လင်းသာမြောက်ရပ်ကွက်၊ လင်းသာကျေးရွာရှိ မြေတိုင်းအမှတ်(၂၉၈/ဒီ)၊ မြေကွက်အမှတ်(၂၀၅)၊ မြေချိန်ဧရိယာ(၀ဒသမ၅၂)ဧကရှိ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃(ခ)၊ ကင်းလွတ်ခွင့်ရရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ကပ်လျက်ရှိသော အုန်းပင်၊ သီးပင်၊ စားပင်များအပါအဝင်ကို ၃၀–၃–၂၀၀၄ ရက်နေ့ မြေငှားကတိစာချုပ်အရ ဦးတော်မီအောင်မှ အထက်ဖော်ပြပါပုဂ္ဂိုလ် ဦးဝင်းကျော်အား ၂၀၀၄ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၃၄ခုနှစ်၊ မတ်လ(၃၁) ရက်နေ့အထိ နှစ်(၃၀)ကာလ ငှားရမ်းခြင်းစာချုပ်ကို နှစ်ဦးသဘောတူ ချုပ်ဆိုခဲ့ကြပြီး ငှားရမ်းခကို ၁–၄–၂၀၀၄မှ ၃၁–၃–၂၀၀၇ထိ ပထမငါးနှစ်တစ်ကြိမ် ငှားရမ်းခနှုန်း သတ်မှတ်ပြီး ပထမငါးနှစ်အတွက် (၁)နှစ်စာ ငှားရမ်းခ ကျပ် ၁၂၀၀၀၀ိ/–(ကျပ်တစ်ဆယ့်နှစ်သိန်းတိတိ)ကို ဦးတော်မီအောင်မှ လက်ခံရရှိပြီး ဦးဝင်းကျော်မှ မိမိလက်ရောက်အငှားရရှိထားသော မြေပြင်ပေါ်တွင် မိမိခန့်အပ်ထားသည့်ဝန်ထမ်းနှစ်ဦးကို ထိန်းသိမ်းစောင့်ရှောက်စေခဲ့ပါသည်။ ထိုဝန်ထမ်းနှစ်ဦးအား ဦးတော်မီအောင်မှဖယ်ရှားပြောင်းရွှေ့လိုက်သည့်အတွက် သက်ဆိုင်ရာဌာနအသီးသီးသို့ ဦးဝင်းကျော်မှ တရားဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ အထက်ပါမြေကွက်နှင့်မြေပေါ်ရှိ သီးပင်စားပင်များမှာ ဦးဝင်းကျော်နှင့် ဦးတော်မီအောင်တို့၏ မြေငှားစာချုပ်သက်တမ်းအရ ဦးဝင်းကျော် လက်ရောက်ငှားရမ်းထားသည့်မြေကွက်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ဦးဝင်းကျော်မှ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းကျော် [၁၂/ရကန(နိုင်)၀၅၅၀၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မိမိလှိုင် (တရားရုံးချုပ်ရှေ့နေ–၅၃၅၄)
အခန်းအမှတ်(၃/ခ)၊ ၃၅ လမ်း(မြေညီထပ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ် နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။**

နီတာ

ရောက်ရာအရပ်မှ အမြန်ဆုံးပြန်လာပါ၊ အမေနှင့်သမီး နေမကောင်းဖြစ်နေသည်။

ကိစ္စအားလုံး အတွက်ကို ခွင့်လွှတ်သည်။

အမေနဲ့သမီးလေး။

အမြန်ငှားရမ်းလိုသည်

ရန်ကုန်မြို့အနီး တစ်ဝိုက် မည်သည့်နေရာတွင်မဆိုကြက်ခြံနှင့် ငါးကန်များ အမြန်ငှားလိုသည်။ ငှားရန်ရှိပါက ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်နိုင်ပါသည်။

ဒေါ်ဥမ္မာ
ဖုန်း–၀၉၅၀ ၁၆၃၂၈။

အိန္ဒိယသံရုံး၊ ရန်ကုန်မြို့
ဖိတ်ကြားချက်

အိန္ဒိယနိုင်ငံ၏ (၅၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် ၂၀၀၄ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်၊ တနင်္ဂနွေနေ့ နံနက် ၈:၃၀ နာရီတိတိ၌ အမှတ် ၅၄၅-၅၄၇၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံ သံရုံးတွင် ပြုလုပ်ကျင်းပမည့် အခမ်းအနားတွင် အိန္ဒိယနိုင်ငံတော်အလံအား လွှင့်တင်မည်ဖြစ်ပါသည်။ အိန္ဒိယအမျိုးသားများနှင့် အိန္ဒိယနိုင်ငံ၏မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား တက်ရောက်ကြပါရန် လိုက်လှဲပျူငှာစွာ ဖိတ်ကြားအပ်ပါသည်။

(၂)နှစ်ပြည့်အလွမ်း
ဦးမောင်မောင်(ခ)ဦးတင်ထွန်း
၁၀-၈-၂၀၀၄

မိသားစုအပေါ် မြင့်မိုရ်တောင်မက မေတ္တာတရားကြီးမားလှသော ကျေးဇူးရှင် ဖေဖေ မိသားစုနှင့် ခွဲခွာသွားသည်မှာ ၁၀-၈-၂၀၀၄နေ့တွင် (၂)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထိတိုင် နေ့စဉ်နှင့်အမျှ တမ်းတလွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ ဖေဖေ့အတွက် ရည်စူးပြီး လစဉ်၊ နှစ်စဉ် ပြုခဲ့သမျှသော ကုသိုလ်ကောင်းမှု အစုစုတို့ကို ဖေဖေ့အား အမျှပေးဝေပါသည်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ ဖေဖေ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ---။

ချစ်ဇနီး-ဒေါ်ခင်တီတီ
သမီးကြီး-ခင်မြတ်မြတ်အောင် (အလိမ္မာ)
Resident Representative of
Wongsamut Ocean Shipping Co., Ltd. (BKK)&
TCK Furniture Co., Ltd. (BKK)
သား-ရန်လင်းမောင် (ခေတ္တ-U.K)
သမီးငယ်-သဲသဲဇလပ်ဖြူမောင် [Grade XI, B.E.H.S-2, LATHA]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၉၇

ဦးမျိုးမြင့်အောင်
အမှတ်(၁၀၈/စီ)၊သံလွင်လမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

နှင့်

၁။ ဦးအောင်ကျော်မင်း
အမှတ်(၆/ခ)၊ သုခရိပ်သာ၊
၅၂လမ်းသွယ်၊ (၆)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ယခင်နေရပ်လိပ်စာ)
၂။ ဦးအောင်သိန်း
အမှတ်(၆/ခ)၊သုခရိပ်သာ
၅၂လမ်းသွယ်၊ (၆)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(၁-တရားပြိုင်) ဦးအောင်ကျော်မင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။ သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း လျော်ကြေးငွေ၂၅၀၀၀၀၀ိ/-ရလိုကြောင်းလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၄ရက် (၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်) နေ့ မွန်းမတည့်မီ ၁၁:၀၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၂၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဥာဏ်ဝင်း
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းဒင်(ခ)ဦးလှမောင် (နတ္တလင်း)၊ အသက်(၈၅)နှစ်
ဒုတိယစက်မှုလက်မှုညွှန်ကြားရေးဝန် (ငြိမ်း)
ညွှန်ကြားရေးမှူး(မြန်မာ့ရေနံနှင့်ဓာတုဗေဒ-ငြိမ်း)

နတ္တလင်းမြို့ ဘိုးဘွားရိပ်သာမတည်အလှူရှင်သည် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် (၂၂-၇-၂၀၀၄)တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ
နတ္တလင်းမြို့။

ပုလောမြို့နယ်အသင်း (ရန်ကုန်)
ဒေါ်အေးမယ်
(ကျောက္ကာ)
အသက်(၈၄)နှစ်

ကော့သောင်းမြို့၊ ရွှေပြည်သာရပ်ကွက်၊ ဗိုလ်မြတ်လေးလမ်း၊ အမှတ်(၁၈၃)နေ ဦးလှထူး-ဒေါ်အေးနွဲ့ (အသင်းဝင်အမှတ်-၁၄၆၈)တို့၏မိခင် ဒေါ်အေးမယ်သည် ၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၄ရက် မွန်းလွဲ ၁နာရီအချိန်တွင် ကော့သောင်းမြို့ နေအိမ်မှ ကော့သောင်းမြို့ ရွှေပြည်သာ သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ကို့ပင်ကောက်မြို့နယ်အသင်း
ဦးအေးသိန်း
အသက်(၇၄)နှစ်

ကို့ပင်ကောက်မြို့ (ဦးလှမောင်-ဒေါ်လေးမေ)တို့၏သား၊ ကို့ပင်ကောက်မြို့နယ်အသင်း နာယက ဒေါ်ခင်ခင်ထား၏အစ်ကိုဦးအေးသိန်းသည် ၈-၈-၂၀၀၄ နေ့ နံနက် ၇နာရီတွင် အမှတ်(၅၇)၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၄ အင်္ဂါနေ့ နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသောကြောင့် ကို့ပင်ကောက်မြို့နယ် အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ကရဝိက်(၄)လမ်း၊ အမှတ်(၄၇၉)နေ ကျွန်ုပ်တို့၏အမှုသည် ဒေါ်စန်းစန်းတင့်သည် တစ်ဖက်ဖော်ပြပါ "ကောင်းထက်"(အထူးချုပ်ဖိနပ်) ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ (၁၃-၃-၉၈)ရက်စွဲဖြင့် စာချုပ်အမှတ်-၈၁၈/၁၉၉၈အရ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ယင်း "ကောင်းထက်" (အထူးချုပ်ဖိနပ်)တံဆိပ်အမည်အမှတ်အသားဖြင့် ယောကျ်ားစီး၊ မိန်းမစီးနှင့် ကလေးစီးဖိနပ်ပုံဆန်းမျိုးစုံနှင့် အရွယ်အစားမျိုးစုံတို့ကို ခေတ်နှင့်အညီ တီထွင်ပြုလုပ်ထုတ်ဝေဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ထို့ကြောင့် မည်သူမဆို ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှား၊ တုပ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းကိုမပြုလုပ်ရ၊ ပြုလုပ်ရောင်းချဖြန့်ဖြူးသိုလှောင်သည်ကိုတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

"ကောင်းထက်" အမှတ်တံဆိပ်ပါ ဖိနပ်ပုံစံအမျိုးမျိုးကို ရန်ကုန်မြို့၊ သိမ်ကြီးဈေး(ဘီ)ရုံ၊ ဆိုင်အမှတ်-၁၆၉၊ မင်္ဂလာဖိနပ်ဆိုင်၊ ဖုန်းအမှတ်-၂၄၀၆၀၀၊ လိုင်းခွဲ-၅၆၆(ဆိုင်)၂၄၃၄၈၆(အိမ်)မှ ပင်ရင်းအဖြစ် ဖြန့်ချိရောင်းချ လျက်ရှိကြောင်းနှင့် အခြားမည်သည့်ဆိုင်ကိုမျှ ကိုယ်စားလှယ်လွှဲပေးထားခြင်းမရှိကြောင်း "ကောင်းထက်" ဖိနပ်ဝယ်ယူသုံးစွဲသူ မိဘပြည်သူအပေါင်းကို မေတ္တာဖြင့် အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းအောင် (LL.B.,D.B.L)	**ဦးအေးမြင့် (LL.B.,D.B.L)**
စဉ်-၂၂၁၇၆	**စဉ်-၂၁၉၂၄**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

"ကောင်းထက်" ဒေါ်စန်းစန်းတင့်၏ ဥပဒေအကျိုးဆောင်များ
တိုက်-၃၄၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၆၈၃၄၄၄။

Mrs.Olive Pun(ခ)ဒေါ်အုန်းလှိုင်
အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ (Mr.Lee Woot Tong-Mrs. Wong Chot)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ရွှေသရဖီလမ်းမကြီး၊ အမှတ်-H-77Aနေ (Mr.Yat Sun Pun)၏ဇနီး၊ Ms.Patricia Pun၊ Mrs. Vivian Lim (ဦးစိန်ထွန်း)၊ Mrs.Suzanne Pun–ဦးဇော်မင်းသွင်၊ Mr.Martin Pun-Mrs. Adorn Pun၊ Mr.Serge Pun(ခ) ဦးသိမ်းဝေ၊ Mrs.Rosa Punတို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏ အဘွား Mrs.Olive Pun(ခ)(ဒေါ်အုန်းလှိုင်) သည် ၆–၈–၂၀၀၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၈–၂၀၀၄ (အင်္ဂါနေ့)နံနက်၉း၃၀နာရီတွင် St.Augustine Church အင်းယားလမ်း၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ [St.Augustine Church နှင့် FMI Centre မှ နံနက်၁၁နာရီနှင့် အမှတ်(၁)၊ Finger Lake,FMI cityမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
Mrs. Olive Pun (ခ) ဒေါ်အုန်းလှိုင်
အသက်(၉၂)နှစ်

SPA/FMI Group of Companies ၏ Chairman Mr. Serge Pun(ခ) ဦးသိမ်းဝေ၏ ချစ်လှစွာသောမိခင်ကြီး Mrs. Olive Pun (ခ)ဒေါ်အုန်းလှိုင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Forest Park Co., Ltd. မိသားစု။
Din: & Adrian Co., Ltd. မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းအောင်မြင့် [ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး]၏ အစ်ကိုကြီး ပါမောက္ခ၊ ဒေါက်တာစောသန်းထွန်းအောင်(ငြိမ်း) [ပါမောက္ခ/ဌာနမှူး၊ဓာတ်မှန်ပညာဌာန၊ဆေး(၁)ရန်ကုန်]သည် ၅–၈–၂၀၀၄ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊
ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ။

ဘုရား၊ ရဟန်းဒါယကာ
ဦးခင်မောင် (၇၉)နှစ်
ဆည်မြောင်းဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးစိန်ဖေ–ဒေါ်စောရီ)တို့၏သား၊ (ဦးစံဒွေး–ဒေါ်ဒိုဒါ)တို့၏ သားသမက်၊ရန်ကုန်တိုင်း၊ အမှတ်(၂၀၅)၊ ဆိပ်ကမ်းသာလမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဒေါ်အုံးတင်၏ ခင်ပွန်း၊ ဦးမျိုးတင့်–ဒေါ်ခင်ခင်သိန်း၊ (ဦးမျိုးချစ်–ရေလမ်း)–ဒေါ်စန်းကြည်(ဆည်မြောင်း)၊ ဦးဝင်းဗိုလ်–ဒေါ်ခင်သန်းမြင့်၊ (ဦးမျိုးမြင့်)၊ ဦးမျိုးညွှန့်၊ ဦးစိန်လင်း–ဒေါ်ခင်သန်းညွှန့်၊ ဒေါ်ခင်လှမျိုး(မီးမီး)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးသည်၉–၈–၂၀၀၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၁–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်နု (၇၂)နှစ်
ကျောက်တန်းမြို့နယ်အသင်းဝင်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ အမှတ်(၃၄/ခ)နေ (ဦးလှမြင့်)၏ဇနီး၊ ဦးထွန်းကြိုင်–ဒေါ်သန်းနုတို့၏ အစ်မကြီး၊ ဦးကျော်အုံ–ဒေါ်အေးအေးမြင့်၊ ဦးမျိုးသန့်–ဒေါ်သန်းသန်း၊ ဒေါ်ခင်မျိုးဆွေ၊ ဦးမျိုးချစ်–ဒေါ်လှလှနိုင်၊ ဦးထွန်းလွင်–ဒေါ်သိန်းသိန်းအေး၊ ဒေါ်ခင်ခင်ထွေးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၉–၈–၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၁–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်(ရွှေမန်းရုပ်ရှင်ရုံ)
အသက်(၇၁)နှစ်
(မင်းကင်း)

မင်းကင်းမြို့နေ (ဦးဟောမာန်–ဒေါ်စိန်ညွှန့်)တို့၏သား၊ ဦးသန်း၊ ဒေါ်သန်းနွဲ့တို့၏ညီ/မောင်၊ ဦးသန်းဆွေ (ဦးခေမာ)၏အစ်ကို၊ ရန်ကုန်တိုင်း၊ အမှတ်(၄၉၂)၊ (၁၁)ရပ်ကွက်၊ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ [ဒေါ်အုံးကြည်(ခ) ဒေါ်ကြည်ကြည်ခင်]၏ ခင်ပွန်း၊ ဦးတင်အောင် (မြန်မာ့လေကြောင်း) – ဒေါ်ခင်ပြုံးရီ၊ ဦးထွန်းအောင် (SAD-MPA)–ဒေါ်အေးအေးမာ၊ ဦးမောင်မောင်ဦး–ဒေါ်စန်းစန်းဌေး (အလက–၂၊သာကေတ)၊ ဦးသာမိုး–ဒေါ်ခင်ခင်ကြည်၊ ဒေါ်ဥမ္မာရီ၊ ဒေါ်သူဇာရီ(အထက–၂၊တ/ဥ)၊ ဦးကျော်စိုးမိုး၊ ဒေါ်ထိုက်ထိုက်လင်း (နည်းပြ၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏မွေးသဖခင်၊ ဗိုလ်လောင်းထူးအိမ်လွင်၊မလဲ့လဲ့ဝတ်ရည်၊ မလဲ့လဲ့ဝင်းမာ၊ မောင်သက်နိုင်ဇော်တို့၏ အဘိုးသည် ၉–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးသိန်း(၇၄)နှစ်
(ကြို့ပင်ကောက်)

ရန်ကုန်မြို့နေ (ဦးလှမောင်၊ အငြိမ်းစား၊ စက်ရှင်တရားသူကြီး)–(ဒေါ်လေးမေ)တို့၏သား၊ (ဦးမောင်မောင်–ဒေါ်ဆုံ)တို့၏ သားသမက်၊ အမှတ်(၅၇)၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းမြင့်–ဒေါ်လွင်လွင်သိန်း၊ ဦးလှမော်–ဒေါ်နီလာလှ၊ ဦးသိန်းအောင်–ဒေါ်တင်တင်အေး၊ (ဒေါ်ခင်လတ်)၊ ဦးသန်းထွန်းတို့၏ညီ/အစ်ကို၊ တူ၊ တူမ ၁၃ယောက်တို့၏ဘကြီး၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၈–၈–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၀–၈–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည် (၇၂)နှစ်

(ဦးဘိုးညွှန့်–ဒေါ်မမ)တို့၏ သမီး ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ အမှတ်(၇)၊ သင်္ဂဟလမ်းနေ (ဦးလှိုင်)၏ဇနီး၊ ဦးမောင်မောင်အေး–ဒေါ်ကြည်ကြည်ဝင်း၊ ဦးမောင်မောင်လေး–(ဒေါ်တင်တင်သန်း)တို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၈–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀–၈–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသာစု။

ရဟန်းဒါယကာကြီး
(လယ်တီယောဂီ)
ဦးထွန်းကြည်(၆၆)နှစ်
ကုန်သွယ်/လယ်ယာ(ငြိမ်း)
မန်အောင်မြို့နယ်အသင်း
(ဘဏ္ဍာရေးမှူးဟောင်း)

မာန်အောင်မြို့နယ်နေ(ဦးစိန်လျောင်–ဒေါ်မအောင်)တို့၏သား၊ (ဦးမှဲ့ဦး–ဒေါ်လှညွှန့်)တို့၏ သားသမက်၊ ဒေါ်အောင်တင်၏ ခင်ပွန်း၊ (ဦးထွန်းတင်–ဒေါ်အုံးရင်)၊ (ဦးသာထွန်းဦး)–ဒေါ်ခင်ညွှန့်၊ ဦးအောင်သစ်–ဒေါ်ခင်နုတို့၏ ညီ/မောင်၊ ဦးဘရွှေ(အကြံပေးအရာရှိ၊ဆလရ) – ဒေါ်သိန်းကြည် (ရက္ခဗေဒ–ငြိမ်း)တို့၏ အစ်ကို၊ မောင်အောင်ဇော်မိုး (W.E.G Co.,) အင်ဂျင်နီယာ(ရေသန့်) ပျဉ်းမနား၊ မောင်အောင်ကျော်စိုး (MITT)၊ မောင်အောင်နိုင်မျိုး(AIT)တို့၏ ဖခင် ဦးထွန်းကြည်သည် ၇–၈–၂၀၀၄ (စနေနေ့) ည၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါ၍၁၁–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[အမှတ်(၈၄)၊စေတနာသုခလမ်း၊ ကမာရွတ် လှည်းတန်းနေအိမ်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်ဖွားတင် (၉၂)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့နေ(ဦးထွန်းဖြူ–ဒေါ်ရှု)တို့၏ သမီး၊ (ဦးအုန်းသော်)၏ဇနီး၊ ဟသာတမြို့နေ ဦးအောင်တင့် (ကျောင်းအုပ်ဆရာကြီး–ငြိမ်း)–ဒေါ်ကြည်ကြည်သော်(အလပြ–ငြိမ်း)၊ ရန်ကုန်မြို့နေ ဦးဝင်းအောင်–ဒေါ်မြင့်ကြည်(အကောက်ခွန် ဦးစီးဌာန)၊ မော်လမြိုင်မြို့နေ ဒေါက်တာကြီးစိုး–ဒေါက်တာခင်ငြိမ်းအေးတို့၏မိခင်၊ ဒေါ်မြင့်မြင့်အောင်(ဆေး–၁)၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၈–၈–၂၀၀၄ရက်တွင် ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လင်းရောင်ခြည်လမ်း၊ အမှတ်(၁၄)၊ အခန်း(၂–ခ)နေအိမ်၌ ကွယ်လွန်ပါ၍ ၉–၈–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအေးသိန်း (၇၄)နှစ်
(ကြို့ပင်ကောက်)

ရန်ကုန်မြို့နေ(အငြိမ်းစားစက်ရှင်တရားသူကြီးဦးလှမောင်–ဒေါ်လေးမေ)တို့၏သား၊(ဦးမောင်မောင်–ဒေါ်ဆုံ)တို့၏ သားသမက်၊ အမှတ် (၅၇)၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ ဒေါ်ခင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်နေလင်း)၊ဦးအောင်ဝေလင်း–ဒေါ်ခင်အေးဝင်း၊ ဦးမြအေး–ဒေါ်ကြေးမုံအေးတို့၏ဖခင်၊မဇန္နာလင်း၊ကိုချစ်ကိုကို–ဒေါက်တာခင်ပြည့်စုံလင်း၊ကိုတိုးဝေလင်း၊ မောင်ဝေယံဖြိုးဦးတို့၏အဘိုးသည်၈–၈–၂၀၀၄(တနင်္ဂနွေနေ့) နံနက်၇း၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၀–၈–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းသန်းထွန်း
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)စံပြရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ်(၄၄)နေ(ဗိုလ်မှူးလှဖေ–ဒေါ်မြကြွယ်)တို့၏သား၊(ဦးကိုကိုကြီး)–ဒေါ်သိန်းညွှန့်တို့၏ သားသမက်၊ ဒေါ်ဥမ္မာ(အလပြ၊ အမက–၂၆၊ တာမွေ)၏ ခင်ပွန်း၊ မောင်သူရထွန်း(Digital Wave)၊ မအိန္ဒြေလွင်(အဋ္ဌမတန်း–F၊အထက–၂၊ ဗဟန်း)တို့၏ ဖခင်သည် ၉–၈–၂၀၀၄(တနင်္လာနေ့)တွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဌာန၌ ကွယ်လွန်ပါ၍ ၁၁–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမြတ်စိုး (မောင်ထွေး)
အသက်(၆၇)နှစ်
မုရစ်ကြီးကျေးရွာ

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာနေ (ဦးပါကြီး–ဒေါ်စိန်)တို့၏ သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဇေယျဝတီ(၂)လမ်း၊ (၁၀)တောင်၊ (၁၃)ရပ်ကွက်၊ အမှတ်(၂၁၂၃/ခ)နေ ဒေါ်သန်းရွှေ၏ ခင်ပွန်း၊ ကိုကြည်အေး–မဝင်းဝင်းသန်း၊ ကိုရဲထွန်း–မအိအိနိုင်၊ ကိုအေးချို–မခိုင်ဇင်ယုတို့၏ ဖခင်၊ မဇင်မေထွန်း၊မအေးမြတ်မွန်တို့၏ အဘိုးသည် ၆–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀–၈–၂၀၀၄(အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်(၄၈)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်ရင်)–ဒေါ်စောတင်တို့၏သား၊ သန်လျင်မြို့နေ (ဦးထွန်းကြိုင်)–ဒေါ်အေးတင့်တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးသိန်းနိုင်–ဒေါ်ယဉ်ယဉ်ပြုံး၊ ဦးသိန်းထွဋ်–ဒေါ်ဌေးဌေး၊ ဦးကျော်ဇော–ဒေါ်လှလှဝင်းတို့၏ ညီ/မောင်၊ ဦးသန်းလွင်၊ ဒေါ်စမ်းစမ်းတင့်မော်၊ (ဦးအောင်ကျော်ထွေး)တို့၏ အစ်ကို၊ သန်လျင်မြို့၊ ပဲခူးစုအနောက်ခြမ်း၊ လူထုလမ်းသွယ်၊ အမှတ်(၅)နေ ဒေါ်အေးအေးမာ၏ ချစ်လှစွာသော ခင်ပွန်း၊ မအိရတနာ၊ နွေးနွေး၊ ဒွေးဒွေး၊ မဆုထက်(ပုံပုံ)တို့၏ မွေးသဖခင်သည် ၈–၈–၂၀၀၄ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀–၈–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သန်လျင်နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
ဦးမျိုးမင်းထွန်း(ခ)မင်းမင်း
အသက်(၃၇)နှစ်
Senior Cadet
P.C.L Shipping
(ပန်းဘဲတန်း)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၆/၂၈)၊ (၂၉)လမ်းနေ ဦးလှထွန်း (သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း)၊ မြောင်းမြမြို့နယ် ရာသက်ပန်အသင်းဝင် ဒေါ်ညွှန့်ညွှန့်သန်း (ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)တို့၏ သားကြီး၊ (ဦးစိန်ပေါ်သူ–ဒေါ်တင်ထူး)တို့၏ သားသမက်၊ ဒေါ်စိမ်းစိမ်းထွန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမျိုးမင်းထွန်းသည် ၈–၈–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၀–၈–၂၀၀၄(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသဖြင့် အသင်းဝင်များပို့ဆောင်ကြပါရန်။(နေအိမ်မှကားများမွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်ခင်အောင် (၆၁)နှစ်
(စစ်တွေ၊ မာန်အောင်)

စစ်တွေမြို့နေ (ဦးဘလူးအောင်–ဒေါ်ပုမ)တို့၏ သမီးကြီး၊ (ဦးလှအောင်)–ဒေါ်လှမြသူတို့၏ သမီး ချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၈)ပ–ထပ်၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးဦးထွန်းဝေ(ဒု–ညွှန်မှူး၊ငြိမ်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီး)၏ ဇနီး၊ ဦးထွန်းမင်းဦး–ဒေါ်ခင်နန္ဒာစိန်၊ ဒေါ်ခင်ဥမ္မာထွန်း–ဦးခင်အောင်ဖြူ၊ မခင်ယဉ်ယဉ်ထွန်းတို့၏ မိခင်၊ မဆုဝတီ၊ မောင်အောင်ရဲခန့်တို့၏ အဘောင်ရှင်သည် ၇–၈–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၉–၈–၂၀၀၄ရက်တွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဝင်း (၅၉)နှစ်
(Bosun C.D.C 3551)

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နေ (ဦးဘရှင်၊ခရိုင်မီးသတ်အရာရှိ–ဒေါ်အေးကြည်)တို့၏ သား၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊(၃၀)ရပ်ကွက်နေ ဦးတင်လှိုင်–ဒေါ်တင်မေတို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂)ရပ်ကွက်၊ အေးမြသာယာလမ်း၊ အမှတ်(၁၅)နေ ဒေါ်ခင်ဝင်းရီ(ခ)မတူး၏ ခင်ပွန်း၊ မနှင်းသဇင်ဝင်း၏ ချစ်လှစွာသောဖခင်သည် ၈–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀–၈–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှထွန်းဦး (၅၆)နှစ်
ဘူမိဗေဒအရာရှိ(ငြိမ်း)၊ ဘဓရ
(ပဲခူး)

ရန်ကုန်မြို့နေ ဦးကံမြင့်–(ဒေါ်ခင်နု)တို့၏ သား၊ (ဦးအောင်သန်း–ဒေါ်အုန်းကြည်)တို့၏သားသမက်၊ အမှတ်(၉၂၆)၊ ကျောက်စိမ်း(၇)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်တင်မြင့်(အထက–၁၊ မ/ဥ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်–ဒေါ်စိန်စိန်၊ ဒေါ်လှမြင့်တို့၏ ညီ/မောင်၊ (ဗိုလ်မှူးကျင်သိန်း)–ဒေါ်ခင်ဝင်းကြည်၊ ဦးကျော်မြင့်–ဒေါ်ကြူကြူအေး၊ ဦးဝင်းတင်–ဒေါ်ကြူကြူမွေး၊ ဦးဇင်ဦး–ဒေါ်အေးအေးမြင့်၊ အရာခံဗိုလ်တင်မောင်ဝင်း–ဒေါ်တိုးတိုးမြင့်တို့၏ အစ်ကို၊ မသီရိသက်သက်ဦး(B.A Horns, M.A, 1st Year)၊ မကေခိုင်ဝတ်ရည်ဦး(B.Ed Finel)၊ မောင်ဥက္ကာမျိုးမြတ်ဦး (3rd M.B,IM-2)တို့၏ဖခင်သည် ၈–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀–၈–၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်း(၉၂)နှစ်
(မြေနီကုန်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ အမှတ်(၄၂)၊ ရန်ကင်းလမ်းနေ (ဦးဝင်း)၏ ဇနီး၊ ဒေါ်ကြည်ကြည်စံ၊ ဦးမြတ်တင်–ဒေါ်ခင်ပြုံး၊ ဒေါ်မြမြအေး၊ ဦးမောင်မောင်အေး၊ ဦးမောင်မောင်သန်းတို့၏မိခင်၊ ကိုကျော်မော်မော်–မခင်လေးမွန်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၇–၈–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်း၊ ရဟန်းဒါယကာ
ဦးအောင်သန်း (၇၈)နှစ်
(အလုံမြို့နယ်/ ရွှေပြည်သာမြို့သစ်)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ်–၈၊(၃လွှာ–ဘီ)နှင့်ရွှေပြည်သာမြို့နယ်၊(ကာ/၁၄)ရပ်ကွက်၊ အောင်စေတနာလမ်း၊ ပန်းခြံ–၅၊ အမှတ်(၁၁၉၇/ခ)နေ (ဦးကျင်ခြူး–ဒေါ်သိန်း)တို့၏ သား၊ (ဦးဘဦး–ဒေါ်ကလေးမ)တို့၏သားသမက်၊ လသာမြို့နယ်၊ (၁၇)လမ်းန ဒေါ်ရှုခင်၏ တူ၊ ဒေါ်တင် (ခ) ဒေါ်တင်တင်အောင်၏ ခင်ပွန်း၊ အလုံမြို့နယ်၊ ကမ်းနားလမ်းနေ (ဒေါ်ကြင်ပိုင်)၏ မောင်၊ ဦးချစ်–ဒေါ်သန်းသန်းတို့၏ အစ်ကို၊ ဦးအောင်ညွှန့် – ဒေါ်မြတ်မော်ဦး(ခ)မတူးပို၊ ဦးကျော်သူ (ကိုကျော်သူ ကားဘော်ဒီဆေးမှုတ်လုပ်ငန်း) – ဒေါ်ငွေဘော်၊ (ဦးသိန်းစိုး) – ဒေါ်သင်းသင်းအောင်၊ (ဦးခင်စိုး)–ဒေါ်စိုးစိုးအောင်၊ ဦးတင်ကိုကို(ခ)ကိုငယ်လေး–ဒေါ်ဥမ္မာရီ၊ ဦးမြင့်အေး–ဒေါ်မြင့်မြင့်ခိုင်၊ ဦးမြင့်ဇော်–ဒေါ်ထွေးထွေးလွင်တို့၏ ဖခင်၊ မြေး၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၉–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၈–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်းနိုင်(ခ)
ဦးချွေဆင် (၅၁)နှစ်
ဗဟိုတရားရုံးချုပ်ရှေ့နေ
LL.B
(သန်လျင်)

ရန်ကုန်မြို့၊အမှတ်(၁၀၆)၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးစိန်စိန်–ဒေါ်ကျင်အေး)တို့၏ သား၊ (ဦးရှိန်း)–ဒေါ်မြခိုင်တို့၏ မွေးစားသား၊ ဦးကျော်–ဒေါ်မေကျော်၊ ဦးခင်မောင်–ဒေါ်ငြိမ်းရင်၊ ဦးကျော်သိန်း–ဒေါ်လှရင်၊ (ဦးမောလ်ကူ)–ဒေါ်ပေါက်ရင်၊ ဒေါ်အေးသိန်း(ခ) ဒေါ်ကုန္တြာစာရီ၊ (ဦးချစ်စိန်–ဒေါ်ကြည်ကြည်ဝင်း)၊ ဦးသန်းထွန်းကျော်–ဒေါ်နုနုရီ၊ ဦးကာစိန်၊ ဒေါ်ဘောဘီ၊ ဦးဝင်းကြည်–ဒေါ်ပိုပို၊ ဦးနိုင်ဝင်းတို့၏ ညီ/မောင်၊ ဦးသိန်းလွင်–ဒေါ်ဖြူဖြူ၊ ဦးဖုးစိန်တို့၏ အစ်ကို၊ တူ၊ တူမ ၄၃ယောက်တို့၏ ဦးလေး၊ မြေး ၃၁ယောက်တို့၏ အဘိုး၊ ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ခြံအမှတ် ၂၃/ည၊ အောင်ချမ်းသာ(၃) ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဦးတင်ထွန်းနိုင်(ခ)ချွေဆင်သည် ၉–၈–၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၃–၈–၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အောင်ချမ်းသာနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ရင်မြင့် (၃၇)နှစ်
(3rd year Botany)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်မင်းခေါင် ပန်းခြံ(၁)လမ်း၊ အမှတ်(၄၈၃/က)နေ (ဦးတင်ကြိုင်)–ဒေါ်လှကြည်တို့၏ သမီး၊ ဒေါ်သောင်းတင်–ဦးမြင့်ဝေ၊ ဦးနေလင်း–ဒေါ်ဌေးဌေးရီ၊ (မစန်းဝေ)၊ ဦးစံထွန်း–ဒေါ်မြင့်မြင့်ခိုင်၊ ဦးစံလင်း–ဒေါ်ဆွေဆွေလတ်၊ ဦးအောင်ကျော်မြင့်–ဒေါ်နွယ်နီဦး၊ ဒေါ်သက်သက်အောင်–ဦးမင်းမင်းတို့၏ ညီမ/အစ်မ၊ မဖုံမြင့်ဖြူ(အဋ္ဌမတန်း)၊ မောင်ဇံထိုက်စံ(ဆဋ္ဌမတန်း၊ အထက–၄၊ မင်္ဂလာဒုံ)၊ မောင်သန်းထိုက်အောင် (အမှတ်–၂၃၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ရွှေနံ့သာ)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ ဦးဇံမော်ဦး၏ဇနီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ ကျွန်းရွှေဝါ (A)လမ်း၊ အမှတ်(၄၉၃)နေ ဦးကျော်ဇံ–ဒေါ်ဝိုင်းမချေ(ခ) ဒေါ်သာနုအေးတို့၏ သမီးချွေးမ၊ ဒေါ်ဇံမိုးနု (အထက၊ပေါက်တောမြို့၊ရခိုင်ပြည်နယ်)၊ ဦးဇံထိုးအောင်(A.B Foreign Shipping Line)–ဒေါ်အေးအေးသန့်တို့၏ အစ်မသည် ၈–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၈–၂၀၀၄ (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဥူးကေသရ
ရွှေမင်းဩဝါဒါစရိယ ပဓာန နာယက(ရွှေကျင်)
ရွှေမင်းတောရစာသင်တိုက်၊ သက်တော်ရှည် ဆရာတော်ကြီး
သိက္ခာတော်(၇၉)ဝါ၊ သက်တော်(၉၉)နှစ်

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွှေမင်းတောရစာသင်တိုက်၊ ဦးစီးပဓာနနာယကသက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ဥူးကေသရသည် (၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၈ရက်)၈–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်အား (၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက်)၊ ၁၄–၈–၂၀၀၄(စနေနေ့)တွင် အဂ္ဂိနစျာပနပူဇော်ပွဲသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေအပေါင်းတို့အား သိနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ ရွှေမင်းဆရာတော်ကြီး၏ အကျိုးတော်ဆောင်ဂေါပကအဖွဲ့။

ဦးလင်တင်ချိုင် (၉၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊ အမှတ်(၉၂)နေ (ဒေါ်ဂွက်အိန်း)၊ (ဒေါ်ချီတုတ်ရီ)၊ ဒေါ်သန်းမြင့်တို့၏ ခင်ပွန်း၊ ကိုကျော်ကျော်သန့်၊ မစိုးယုယုသန့်–ကိုငွေဝင်း၊ ကိုသီးသန့်၊ ဒေါက်တာအေးမင်းစိုး၊ မမီမီစိုး၊ မောင်သန့်ထိုက်စိုး၊ မောင်သက်ပိုင်မျိုးအောင်၊ မောင်လင်းသူမျိုးအောင်၊ မစံစံမျိုးအောင်၊ မောင်ရဲသီဟ၊ မစုစုလှိုင်၊ မယဉ်မင်းကျော်၊ မောင်ကောင်းစံ၊ မမိုးပွင့်သူ၊ မောင်သာထူးဆင့်၊ မောင်ပြည့်ဖြိုးနိုင်တို့၏အဘိုး၊ မောင်ကျော်မောင်၏ အဘိုးသည် ၈–၈–၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၂း၃၀နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၀–၈–၂၀၀၄(အင်္ဂါနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး ဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမျိုးမင်းထွန်း(ခ)မင်းမင်း(၃၇)နှစ်
Senior Cadet P.C.L Shipping Line
(ပန်းဘဲတန်းမြို့နယ်)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၆/၂၈)၊ (၂၉)လမ်းနေ ဦးလှထွန်း (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)–ဒေါ်ညွှန့်ညွှန့်သန်း(ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)တို့၏သားကြီး၊(ဦးစိန်ပေါ်သူ–ဒေါ်တင်ထူး)တို့၏သားသမက်၊ ဒေါ်စိမ်းစိမ်းထွန်း၏ချစ်လှစွာသောခင်ပွန်း၊မောင်ရန်နိုင်ဦး (ပထမတန်း–ည၊TTC)၊ မောင်မျိုးရာဇာတို့၏မွေးသဖခင်၊ ဗိုလ်မှူးကျော်မင်းထွန်း(ဆက်သွယ်ရေး)– ဒေါ်အေးအေးထွန်း၊ ကိုအောင်သူရ–မသီတာထွန်း (UMTA)၊ ကိုအောင်ဇော်ထွန်း (သရုပ်ပြ၊ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏အစ်ကိုကြီး ဦးမျိုးမင်းထွန်း(ခ)မင်းမင်းသည် ၈–၈–၂၀၀၄(တနင်္ဂနွေနေ့)ညနေ၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၀–၈–၂၀၀၄(အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မခင်ခင်လေး(ခ)အိမ့်သက်မှူး
B.Sc (Bot.)
အသက်(၃၈)နှစ်

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၆၄၀)၊ ကမ်းနားလမ်းနှင့် (၃)လမ်းထိပ်နေ (ဦးမြမောင်)–ဒေါ်ခင်နွဲ့တို့၏သမီး၊ ကိုထင်လင်း–မဆွေဆွေဦး၊ ကိုသူရ၊ ကိုလင်းနောင်–ခါမိဒိုင်မိဟို၊ မယမင်းဦး၊ မောင်ရန်ပိုင်တို့၏အစ်မ၊မရွှေစင်ထင်လင်း၏ ကြီးကြီးသည် ၈–၈–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၀–၈–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ကျင်ကျင်(ခ)တန်ကင်ရို
အသက် (၇၆)နှစ်
ကမာရွတ်
ခရစ်တော်မက်သဒစ်အသင်းတော်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀၅)၊ အင်းစိန်လမ်းမနေ(ဦးမောင်ဟန်)၏ ဇနီး၊ ဦးကြူဝင်း–ဒေါ်ခင်အေး၊ ဦးကြူဟုတ်–ဒေါ်အေး၊ ဦးကြိုင်ဟုတ်–ဒေါ်ခင်ခင်၊ ဦးကြူရင်–ဒေါ်ညွှန့်ညွှန့်ဝင်း၊ ဦးကျော်ရီ–ဒေါ်အင်မူ၊ ဦးသန့်ဇင်–ဒေါ်မိမိနိုင်တို့၏ မွေးသမိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၂–၈–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူသားသမီးတစ်စု။

ဦးသိန်းသန်းထွန်း
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)စံပြရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ်(၄၄)နေ(ဗိုလ်မှူးလှဖေ–ဒေါ်မြကြွယ်)တို့၏ သား၊ ဒေါ်ဥမ္မာ(အလပြ၊ အမက–၂၆၊ တာမွေ)၏ ခင်ပွန်း၊ မောင်သူရထွန်း (Digital Wave)၊ မအိန္ဒြေလွင်(အဋ္ဌမတန်း–F ၊အထက–၂၊ ဗဟန်း)တို့၏ ဖခင်၊ ဒေါ်ခင်အေးခိုင် (ဦးစီးအရာရှိ–ငြိမ်း၊ မကွေးတိုင်းသ/မ ဦးစီးဌာန)၊ (ဦးမျိုးမြင့်ဟိဏ်း)၊ ဒေါ်ခင်ဌေးလှိုင်(အလုံအချိုရည်စက်ရုံ)၊ ဦးအောင်မျိုးမင်း (ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)တို့၏ ညီ/မောင်၊ ဦးစိုးညွှန့်လှိုင် (Mectronic GEP ဒဂုံတောင်)၏အစ်ကိုသည် ၉–၈–၂၀၀၄ (တနင်္လာနေ့)တွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ဌာန၌ ကွယ်လွန်ပါ၍ ၁၁–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂း၃၀နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

နတ်တလင်းအသင်း
ဒေါ်အေးကြည်(၈၈)နှစ်

ရန်ကုန်တိုင်း၊ အမှတ်(၁၂/ခ)၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ(ဦးထွေး)၏ဇနီး၊ ဦးဟန်ညွန့်–မပြုံးတို့၏ မွေးသမိခင် ဒေါ်အေးကြည်သည် ၇–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉–၈–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဒေါ်တင်အေး (၈၁)နှစ်
(ကသာ)

ရန်ကုန်မြို့၊ ကျောက်ကုန်း၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ်(၇)နေ အသင်းဝင် ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း(လေ)(ငြိမ်း)–ဒေါ်စန်းစန်းလှိုင်တို့၏ မိခင်သည် ၁၇–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးပါကြောင်း အသင်းဝင်မိသားစုများအား အကြောင်းကြားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ခင်ညွန့် (၇၈)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ မေလိခလမ်း၊ အမှတ်(၄၄/ခ)နေ (ရဲဝန်ထောက် ဦးထွန်းတင်–ဒေါ်တင်ဦး)တို့၏ သမီး၊ (ဒေါက်တာဦးလှိုင်ဘွား)၏ ဇနီး၊ ဦးလှသိန်း–ဒေါ်ခင်လေး၊ ဦးသိန်းဇံ–ဒေါ်ရွှေရီတို့၏ညီမ/အစ်မ၊ (ဒေါက်တာဦးဝင်းမြင့်) – ဒေါ်အေးအေးလှိုင်တို့၏ ချစ်လှစွာသောမိခင်၊ နှင်းဝတ်ရည်လှိုင်၏ အဘွားသည် ၈–၈–၂၀၀၄ ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၀–၈–၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၆၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်မိန့်ကြားချက်များ

☆ နိုင်ငံတော်တွင် အဓိကကျသည့် ကုန်ထုတ်လုပ်ငန်းမှာ စိုက်ပျိုးထုတ်ကုန်သီးနှံထုတ်လုပ်ရေးလုပ်ငန်းဖြစ်၊

☆ တိုင်းပြည်၏ စီးပွားရေးအခြေအနေကောင်းများ ပေါ်ထွန်းလာရန်မှာ အဓိကအားဖြင့် မိုးရာသီအတွင်း လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်လာရေးသည် အလွန်ပင်အရေးကြီး၊

☆ စိုက်ပျိုးကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဖိဖိစီးစီးလုပ်ကိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဦးဆောင်ဦးရွက်ပြုပြီး ထိရောက်အောင်မြင်စွာဖြင့် ကြိုးပမ်းအားထုတ် လုပ်ကိုင်သွားကြရန်လိုအပ်၊ ထုတ်လုပ်ရရှိသည့် စိုက်ပျိုးထုတ်ကုန်သီးနှံများ ပြည်တွင်းစားသုံးမှုဖူလုံရေး လိုအပ်ချက်သာမက အဓိကပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ရန်လိုအပ်၊

☆ ပြည်တွင်းစားသုံးမှု ပိုလျှံသည့်အပြင် ပြည်ပသို့ပါ တိုးချဲ့တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်ကုန်သီးနှံများကို တိုးတက်စိုက်ပျိုး လုပ်ကိုင်သွားကြရန်ဖြစ်၊

☆ ပြည်တွင်းစားသုံးရန် လိုအပ်သည့်အဓိကသီးနှံများနှင့် ဈေးကွက်ဝင် ပို့ကုန်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့စိုက်ပျိုး။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်ကုန်သီးနှံရောင်းဝယ်မှုဆိုင်ရာ မူဝါဒများ ပြောင်းလဲပြင်ဆင်ပေးထားယနေ့ဆိုလျှင် နိုင်ငံတော်ကချုပ်ကိုင်ထားသည့် စီးပွားကုန်သွယ်မှုလုပ်ငန်းများသည် မရှိသလောက်ပင်ဖြစ် နိုင်ငံတော်၏စီးပွားရေး လျင်မြန်စွာတိုးတက်လာရန် ပို့ကုန်သီးနှံနှစ်မျိုးအပေါ်တွင်သာ မှီခိုရပ်တည်၍မရ

ပို့ကုန်အမယ်သစ်များ ဈေးကွက်တိုးချဲ့ရှာဖွေတင်ပို့နိုင်ရေးနှင့် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများနှင့် လယ်သမားများ ညီညီညွတ်ညွတ်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၉

ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့်တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက်ရောက်

တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪**